မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်းပြည့်စုံသော တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကိုသိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၅)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂၃ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ်ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၂**

၂၀၂၄ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မာရဝိဇယဗုဒ္ဓဉယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ တို့အမှူးပြုသည့် ဆရာတော်၊ သံဃာတော် ၃၆ ပါး ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး

**စာမျက်နှာ ၅ ကော်လံ ၁** ☆



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာ **Bill** ပေးဆောင်ခြင်း၊ **E-Topup** ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ **Internet Bill** ပေးဆောင်ခြင်း၊ **Gift Card** ပေးခြင်း၊ **Skynet Bill Payment** ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ **E-Commerce** လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** ပေးဆောင်ခြင်း

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊
လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

MMM EasyPay

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ မေ ၂၃ ရက်)

# သားကောင်း သမီးကောင်းရတနာများဖြစ်အောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)မှသင်တန်းသား၊ သင်တန်းသူများနှင့်အုပ်ချုပ်သူနည်းပြများအား မေလ ၂၀ ရက်တွင် တွေ့ဆုံအမှာစကားပြောကြားစဉ် **"နွေရာသီအားလပ်ရက်များကို အကျိုးမဲ့မဖြစ်စေဘဲ ယခုကဲ့သို့ သင်တန်းတက်ရောက်ခဲ့ခြင်းကြောင့် ရရှိသည့်တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းခင်မင်ရင်းနှီးမှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူသွားကြရန်၊ မှန်ကန်သည့်အသိအမြင်များရရှိရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ ပြောဆိုဆုံးမမှုများအတိုင်းလိုက်နာနေထိုင်သွားကြရန်၊ မိမိတို့နေထိုင်ရာ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိပြီး သင်ယူတတ်မြောက်ခဲ့သည့်ပညာရပ်များနှင့် နောင်တစ်ချိန်တွင် တိုင်းပြည်ကအားကိုးအားထားပြုရမည့်သားကောင်း၊ သမီးကောင်းရတနာများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း"** ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်နေစဉ်ကာလအတွင်း လူငယ်များ၏ တိုးတက်လမ်းကိုအမြဲတမ်းပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ကြီးမားသောတာဝန်များကိုထမ်းဆောင်ရသည့်အခါ အဆင်ပြေချောမွေ့စွာထမ်းဆောင်နိုင်ရေးအတွက် လူငယ်ဘဝကပင် ပညာပြည့်ဝနှလုံးလှအောင်စီမံဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့လူငယ်မောင်မယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်ကြရမည့်လူကြီးများဖြစ်လာကြပေလိမ့်မည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူငယ်လူရွယ်များအားလျစ်လျူရှုမထားဘဲ လူတော်လူကောင်းကလေးများဖြစ်လာအောင်၊ ယဉ်ကျေးလိမ္မာအောင်၊ ခေတ်ပညာပြည့်စုံအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင်၊ အများအကျိုးဆောင်ရွက်တတ်အောင်၊ မျိုးချစ်စိတ်ထက်သန်ပြီးနိုင်ငံနှင့်လူမျိုးအတွက် စွန့်စားကြိုးပမ်းတာဝန်ထမ်းဆောင်နိုင်အောင် လေ့ကျင့်သင်ကြားမြေတောင်မြှောက်ပေးလျက်ရှိသည်။ နွေရာသီကျောင်းပိတ်ရက်ကာလများအတွင်း ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအား လူရည်ချွန်အပန်းဖြေလေ့လာရေးခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့သည့်အပြင် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များအား နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ၂၀၂၄ ခုနှစ် ဧပြီလ ၂၂ ရက်မှစတင်၍ဖွင့်လှစ်ပေးခဲ့သည်။

ရေကြောင်းလူငယ်သင်တန်းများကို စခန်း ၁၀ ခုတွင် လူငယ်လူရွယ်သင်တန်းသား၊ သင်တန်းသူ ၈၁၈ ဦးကို အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကိုသင်ကြားပေးခဲ့သည်။ ထို့ပြင် စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက်လက်တွေ့စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို လက်တွေ့လေ့လာသင်ယူခဲ့ကြသည်။

လေကြောင်းလူငယ်သင်တန်းများကို သင်တန်းစခန်း ၁၇ ခုတွင် ကျောင်းသား၊ ကျောင်းသူသင်တန်းသား ၈၅၀ ဦးတို့အား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်းများကို စာတွေ့၊ လက်တွေ့သင်ကြားဆည်းပူးနိုင်ကြသည်။ အဆိုပါရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းဆင်းပွဲများကို မေလ ၁၇ ရက်က နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင်ကျင်းပခဲ့ကြသည်။ အနှစ်ချုပ်ဆိုရသော် ယနေ့လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာဖန်တီးတည်ဆောက်နိုင်သည့်သားကောင်း၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါကဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မင်းလှ၊ လူမှုရေး

# မင်းလှမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းမှ ချေးငွေများထုတ်ပေး

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လင်းကယ်ကျေးရွာအုပ်စု ကျောက်အိုးကျေးရွာ၌ စတုတ္ထအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) မှ ချေးငွေများပြန်လည်ထုတ်ချေးခြင်းကို မေလ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျောက်အိုးကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျောက်အိုးကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၄၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက အောက်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူငါးဦးအား ချေးငွေကျပ် ၃ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၂၁ ဦးအား ချေးငွေကျပ် ၁၉ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူနှစ်ဦးအား ချေးငွေကျပ် ၂ ဒသမ ၈၀ သန်းကို တစ်ဦးချင်းစီ၏လက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း သိရသည်။

**ချိုလေး**

မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် မေ ၂၂

## နေပြည်တော် စာတုစယမာတ်ပေါင်းစုစေတီတော်မြတ်ကြီး ပရိဝုဏ်တော် အရှေ့ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားကျင်းပ



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စာတုစယမာတ်ပေါင်းစုစေတီတော်မြတ်ကြီးပရိဝုဏ်တော် အရှေ့ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း၌ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ စတင်ဖွင့်လှစ်ကာအခမ်းအနားမှူးက မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန်ပန်ကြားသည့် မဟာဗောဓိရုက္ခသိဥ္စနပူဇာဂါထာတော်ကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ ဧည့်သည်တော်များက မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းကို ဖတ်ကြားအမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေး မေ ၂၂

## ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့လုံးအနှံ့ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းသူများ၊ ဆွမ်းဆန်စိမ်းလောင်းလှူကုသိုလ်ပြုသူများဖြင့် အထူးစည်ကား



ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသောနေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများကျင်းပခြင်း၊ မန္တလေးမြို့လုံးအနှံ့တွင် ကုသိုလ်ရှင်များက ဆရာတော်သံဃာတော်များအား ဆွမ်းဆန်တော်များလောင်းလှူခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော်အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ဂေါပကအဖွဲ့ဝင်များ၊ ရဟန်းရှင်လူပြည်သူများ ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေသက်န်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းများအပြင် မဟာမုနိပရိဝုဏ်အတွင်း အဂ်ါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်သူများဖြင့်စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးမြို့တွင်းရှိ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့်ဆုတောင်းရဘုရား၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ သကျသီဟဘုရား၊ ကျောက်စိမ်းစေတီတော်၊ အောင်တော်မူမြတ်စွာဘုရား၊ ချမ်းသာကြီးဘုရားနှင့်ချမ်းသာရဘုရားတို့တွင်လည်းဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားလျက်ရှိပြီး အလှူရှင်များကလည်း စတုဒိသာကြာဆံဟင်း၊ ရေသန့်၊ အချိုရည်များဖြင့် လှူဒါန်းတိုက်ကျွေးကြသည်။

ထို့အတူ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင်တည်ရှိသောမင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်၊ မန္တလေးတောင်ခြေရှိမဟာဗောဓိညောင်ပင်တို့တွင်လည်း ညောင်ရေသွန်းလောင်းပူဇော်ပွဲများကျင်းပကြပြီး ညောင်ရေသွန်းလောင်းပူဇော်ကြသူများနှင့်ဘုရားဖူးလာပြည်သူများကို အလှူရှင်များက အအေးစတုဒိသာများဖြင့် တိုက်ကျွေးကုသိုလ်ပြုကြသည်။

ညနေပိုင်းတွင် မြို့နယ်၊ ရပ်ကွက်များရှိ ဘုရားများတွင် စိုက်ပျိုးထားရှိသည့် မဟာဗောဓိညောင်ပင်များ၌လည်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကာ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် မန္တလေးမြို့လုံးအနှံ့ စည်ကားလျက်ရှိကြောင်းသိရသည်။

**မင်းထက်အောင်**

## ကျောင်းအပ်ကြပါစို့

* မိုးဦးစလျှင် စာသင်ခန်းဘက်
စံပယ်ပန်းတွေ သင်းပျံ့တယ်။
ကျောင်းကြီးဖွင့်ရင် တကယ်မပျင်းလို့
သူငယ်ချင်းတို့ ကျောင်းတက်ကွယ်။

* လွယ်အိတ်ကိုလွယ် နှစ်ဖက်ပါးဖွေး
သနပ်ခါးလေး လိမ်းလို့ခြယ်။
အစိမ်းအဖြူ ဝတ်စုံလေးနဲ့
ဂုဏ်ရောင်အသွေး အားကျကွယ်။

* ပညာဆိုသည် ဘယ်လူဆိုးမှ
သယ်ယူခိုးလည်း မရတယ်။
ငါးနှစ်အရွယ် ကျောင်းကိုအပ်လို့
စာတတ်မြောက်ရေး ဂရုစိုက်ကွယ်။

* သမီးသားငယ် ပျော်ရွှင်ပြုံးဖို့
မေ နှစ်ဆယ့်သုံးကျောင်းအပ်မယ်။
မေမေတို့ရေ အစဉ်ပွေ့လို့
ရင်မှာမမေ့ သိစေကွယ်။

* ယနေ့လူငယ် နောင်လူကြီးတဲ့
ပညာရှာမှီး ဂရုစိုက်ကွယ်။
အတတ်ပညာ အချိန်ရှိခိုက်
အသိပိုက်ရင်း စာသင်ကွယ်။

* ငယ်ရွယ်စဉ်မှာ စာကြိုးစားမှ
ပြည့်အင်အားကို ဖြစ်စေမယ်။
ဒါကြောင့်သာကွယ် အလျင်မနှေးဖို့
ကျောင်းကိုအပြေး သွားအပ်မယ်။
သွားမယ် သွားမယ်။ ။

**မိုးမြင့်မေ(သ•က•ဟ•အ)**

## ♫♫ သင်(FM)အသံလွှင့် အစီအစဉ် ♫♫

၂၃-၅-၂၀၂၄(ကြာသပတေးနေ့)

၁။ ၀၈း၂၀ Morning Song
၂။ ၁၀း၀၁ Internet Pages
၃။ ၁၃း၃၅ Music Quiz
၄။ ၁၇း၀၀ ကမ္ဘာကျော်တို့အနုပညာခရီး
၅။ ၁၉း၀၀ စစ်သည်ကဏ္ဍ


| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚ C | / | ၃၇˚ C |
| ရန်ကုန် | ၂၃˚ C | / | ၃၄˚ C |
| မန္တလေး | ၂၈˚ C | / | ၃၈˚ C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**




**ယမန်နေ့မှအဆက်**

ဒုတိယနည်းမှာ သုံးစွဲပြီး စွန့်ပစ်လိုက်သည့်ရေဆိုးအားလုံးကို ပြန်လည်ပြုပြင်သုံးစွဲခြင်းဖြစ်သည်။ ရေသန့်စင်စက်ရုံကိုးရုံရှိသည်။ ဤလုပ်ငန်းကို Public Utilities Agency (PUB) မှ တာဝန်ယူဆောင်ရွက်သည်။ ဤသို့ပြုလုပ်သုံးစွဲသည့် ရေပမာဏသည် စင်ကာပူတစ်နိုင်ငံလုံး၏ ၃၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်သည်။

တတိယနည်းမှာ ပင်လယ်ရေကို ပြုပြင်သုံးစွဲခြင်းနည်း (Desalination) ဖြစ်သည်။ ဤသို့သုံးစွဲသည့်ပမာဏသည် စင်ကာပူတစ်နိုင်ငံလုံး၏ ၁၀ ရာခိုင်နှုန်းအထိများပြားသည်။ ဤလုပ်ငန်းစဉ်ကို ၂၀၀၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

နောင်လာမည့်ကာလများမှာ ရေဆိုးပြန်လည်သန့်စင်မှုကို တိုးမြှင့်ပြုလုပ်ပြီး ၄၀ ရာခိုင်နှုန်းအထိဖြည့်ဆည်းရေး၊ ပင်လယ်ရေပြုပြင်ခြင်းကို ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်ရေး၊ ၂၀ ရာခိုင်နှုန်းကို ရွာသွန်းမိုးကို ထိရောက်အောင် ရယူသုံးစွဲဖြည့်ဆည်းရေးနှင့် စတုတ္ထနည်းဖြစ်သော မလေးရှားနိုင်ငံမှ ရေဝယ်ယူတင်သွင်းမှုကို ၁၀ ရာခိုင်နှုန်းထက်မကျော်အောင် ထိန်းထားနိုင်ရေး စသည့်ရည်မှန်းချက်များ ရှိပြီးဖြစ်သည်။

ထူးခြားသည်မှာ စင်ကာပူနိုင်ငံသားတစ်ဦးချင်းစီ၏ ရေအသုံးပြုမှုမှာ ပျမ်းမျှ နေ့စဉ် ၁၅၅ လီတာ (၃၄ ဂါလန်) သာရှိသည်အထိ လျှော့ချသုံးစွဲကြသည်။

စင်ကာပူနိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားခြင်းနှင့် သဘာဝက ပေးထားပြီးဖြစ်သည့် ပထဝီအနေအထားကို အကောင်းဆုံးနှင့် အထိရောက်ဆုံးအသုံးချနိုင်ခြင်းကြောင့် ရေချိုရှားပါးသော်လည်း တတိယကမ္ဘာမှ ပထမကမ္ဘာသို့ နှစ် ၃၀ အတွင်း ရောက်ရှိလာခဲ့သည်။

**အခန်း (၃)**

**အာရပ်စော်ဘွားများပြည်ထောင်စု၏ ရေအသုံးချမှု**

အာရပ်စော်ဘွားများပြည်ထောင်စု (UAE) သည် ပါရှန်ပင်လယ်ကွေ့နှင့် အိုမန်ပင်လယ်ကွေ့တို့ကို မျက်နှာပြုထားသည်။ အိုမန်၊ ဆော်ဒီအာရေဗျတို့နှင့် နယ်နိမိတ်ထိစပ်နေပြီး မြောက်ဘက်တွင် ကာတာ၊ ဘာရိန်းတို့ရှိနေသည်။ လူဦးရေမှာ ၂၀၁၉ ခုနှစ်စာရင်းအရ ၉ ဒသမ ၇၇ သန်းရှိသည်။ ၁၉၇၁ ခုနှစ်မှစ၍ ခြောက်နိုင်ငံပြည်ထောင်စုအဖြစ် စုစည်းခဲ့သည့်နိုင်ငံဖြစ်သည်။ Abu Dhabi, Dubai, Sharjah, Ajman, Umm AL-Quwain နှင့် Fujairah တို့ စုစည်းထားသည်။ ၁၉၇၂ ခုနှစ်အရောက်တွင် Ras AL Khaimah က ပူးပေါင်းလာ၍ ယနေ့ UAE နိုင်ငံသည် ခုနစ်နိုင်ငံစုပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုဖြစ်လာသည်။ Abu Dhabi သည် မြို့တော်ဖြစ်သည်။ Dubai သည် စီးပွားရေးမြို့ဖြစ်သည်။ UAE သည် ၁၉၇၁ ခုနှစ်နောက်ပိုင်းတွင် သိသာစွာတိုးတက်လာသော နိုင်ငံဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကျင့်သုံးသည်။ Federal National Council ဟုခေါ်သည့် အုပ်ချုပ်ရေးကောင်စီဖြင့်အုပ်ချုပ်သည်။ ကောင်စီတွင် အဖွဲ့ဝင် ၄၀ ပါသည်။ ထက်ဝက်မှာ ခန့်ထားခံရသူများဖြစ်ပြီး ထက်ဝက်မှာ ရွေးချယ်ခံများဖြစ်သည်။

စီးပွားရေးအရ UAE နိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Gross Domestic Product) (GDP) သည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၂၇ ဒသမ ၉ ဘီလီယံရှိသည်။ (မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ် GDP သည် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၀၉ ဘီလီယံရှိသည်။) ကမ္ဘာ့ရေနံသိုက်၏ ၆ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ဓာတ်ငွေ့သိုက်၏ ၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်သည်။ ရေနံတင်ပို့မှုတစ်ခုတည်းမှပင် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၆ ဘီလီယံဝင်ငွေရှိသည်။ ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်တွင် ရေနံမှ ၁၅ ရာခိုင်နှုန်းပါဝင်နေသည်။ ၂၀၁၉ ခုနှစ်စာရင်းအရ လူတစ်ဦးချင်းစီ၏ GDP သည် အမေရိကန်ဒေါ်လာ ၄၃၁၀၃ ရှိသည်။ (မြန်မာတစ်ဦးချင်း GDP သည် အမေရိကန်ဒေါ်လာ ၁၄၀၇ ဒသမ ၈၁ ရှိသည်။)

UAE နိုင်ငံ၏ အဓိကစီးပွားရေးမှာ ရေနံတူးဖော်မှု၊ ရေနံဓာတုဗေဒလုပ်ငန်း၊ ငါးလုပ်ငန်း၊ ဘိလပ်မြေ၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ တည်ဆောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပင်လယ်ကူးသင်္ဘောများပြုပြင်ခြင်း၊ လက်ဆောင်ပစ္စည်းနှင့် အထည်အလိပ်လုပ်ငန်းများဖြစ်သည်။ ခရီးသွားကဏ္ဍမှာလည်း အထူးဖွံ့ဖြိုးသည်။

၂၀၁၇ ခုနှစ်စာရင်းအရ UAE နိုင်ငံ၏ပို့ကုန်နှင့်သွင်းကုန်တန်ဖိုးများမှာ အမေရိကန်ဒေါ်လာ ၃၀၈ ဒသမ ၅ ဘီလီယံနှင့် ၂၂၉ ဒသမ ၂ ဘီလီယံအသီးသီးရှိနေ၍ တစ်နှစ်စာ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံခန့် ကုန်သွယ်မှုပိုငွေဖြစ်နေသည်။ (ကုန်သွယ်မှုပိုငွေမှာ မြန်မာနိုင်ငံမှ နှစ်စဉ်ပြည်ပသို့ တင်ပို့နေသော ရေနံသဘာဝဓာတ်ငွေ့နှင့် ကျောက်သံပတ္တမြားတန်ဖိုးထက် ၂၅ ဆခန့်ရှိသည်။)

UAE နိုင်ငံသည် သဘာဝဓာတ်ငွေ့ကိုအခြေခံ၍ လျှပ်စစ်ဓာတ်အားပေးထားသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်ဝန်းကျင်မှစပြီး ချူကလီးယားကိုပါ တွဲဖက်ရန် စီစဉ်ခဲ့သည်။ ပင်လယ်ရေကိုအသုံးပြု၍ Pump Storage Type ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်နေသည်။ ၂၅၀ မဂ္ဂါဝပ် တပ်ဆင်အင်အားရှိသော Hatta Pump Storage Power Plant Project ဖြစ်သည်။ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် အားလုံးပြီးစီးမည်ဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်တွင် အလွန်ဖွံ့ဖြိုးသော Dubai မြို့၏ ၇၅ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်မှ ဓာတ်အားပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်တင်ပြင်ဆင်နေသည်။

၂၀၀၉ ခုနှစ်စာရင်းအရ UAE နိုင်ငံသည် လူတစ်ဦးချင်းစီ၏ ကာဗွန်ထုတ်လွှတ်မှုတွင် ကမ္ဘာ့နံပါတ် (၆) ဖြစ်နေခဲ့သည်။ လူတစ်ဦးတစ်နှစ်လျှင် ကာဗွန် ၄၀ ဒသမ ၃၁ တန်ထုတ်လွှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာပြည်သူတစ်ဦးသည် ကာဗွန် သုည ဒသမ ၆ တန်သာ ထုတ်လွှတ်ခဲ့၍ UAE ပြည်သူတစ်ဦးသည် မြန်မာပြည်သူတစ်ဦးထက် နှစ်စဉ် ကာဗွန်ထုတ်လွှတ်မှု ၆၆ ဆခန့် ပို၍ထုတ်လွှတ်နေကြောင်း တွေ့ရသည်။

၂၀၅၀ ပြည့်နှစ်တွင် ၄၄ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လည်းကောင်း၊ ၃၈ ရာခိုင်နှုန်းကို ဓာတ်ငွေ့မှလည်းကောင်း၊ ၁၂ ရာခိုင်နှုန်းကို ကျောက်မီးသွေးမှလည်းကောင်း၊ ၆ ရာခိုင်နှုန်းကို နျူကလီးယားမှလည်းကောင်း မောင်းနှင်၍ ဓာတ်အားပေးရန် စီမံချက်ချထားသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

ရန်ကုန်၊ ပညာရေး

## ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးစကားဝိုင်းကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သဃ်န်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးစကားဝိုင်းကို မေလ ၂၁ ရက်က သဃ်န်းကျွန်းမြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ကျင်းပသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး သဃ်န်းကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ မိဘများက အလေးထားဆောင်ရွက်ပေးကြရန် ပြောကြားသည်။ ထို့နောက် သဃ်န်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်စန်းစန်းထွေးက ကျောင်းနေရမည့်အရွယ်တွင် ကျောင်းမအပ်နှံသည့်ကလေးများ ဖြစ်ပေါ်လာနိုင်မည့်ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ကိုယ်စားပြု အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာမဒေါ်ချောစုဝင်းက ကျောင်းအပ်နှံသော မူလတန်းအဆင့် ကလေးသူငယ်များကို ခဲတံ၊ ကျောင်းဝတ်စုံနှစ်စုံနှင့် ပုံနှိပ်၊ ဗလာစာအုပ်တို့ အခမဲ့ပေးအပ်မည်ဖြစ်ပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တွင် ပုံနှိပ်စာအုပ်၊ ခဲတံနှင့် ဘောပင်တို့ကို ထောက်ပံ့ပေးကြောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှိုင်မဉ္ဇူက ကျောင်းနေအရွယ်ကလေးများအား မိမိတို့အဖွဲ့မှ စာရေးကိရိယာများကို လှူဒါန်းပေးကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသားမိဘများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သိန်းအောင်(သဃ်န်းကျွန်း)**

---

ကျွန်းစု၊ စိမ်းလန်းစိုပြည်ရေး

## ကျွန်းစုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို မေလ ၂၁ ရက်က ကျွန်းစုမြို့ ကပကျေးရွာ ကတန်ကျွန်းပတ်လမ်းနံဘေး သတ်မှတ်ကွင်းပြင်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်သစ်ပင်ပျိုးပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်ပြီး သစ်ပင်စိုက်ပျိုးပွဲကို သတ်မှတ်နေရာ၌ ကျင်းပရာ တက်ရောက်လာကြသူများက စုပေါင်းပါဝင်စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက ပျဉ်းကတိုး အပင် ၁၀၀၊ မဟော်ဂနီ အပင် ၁၀၀၊ မန်ကျည်းရှား အပင် ၃၀၊ သက်န်း အပင် ၃၀၊ ခရေ အပင် ၂၀ စုစုပေါင်း အပင် ၂၈၀ ကို သတ်မှတ်နေရာအသီးသီး၌ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ အဆိုပါစုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို မြိတ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသောဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။

☆ ရှေ့ဖုံးမှအဆက်

တို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ တသ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသောဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံလည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီး




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို “နမော ထံလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီးတို့က ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီးတို့က နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့၊ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏထံလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် **စာမျက်နှာ ၆ သို့** ☆

☆ စာမျက်နှာ ၅ မှအဆက်

အကြီးအကဲများနှင့်ဇနီးများက ဆရာတော်ကြီးများထံလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့၊ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော်  မေ  ၂၂

# “ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်”အား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ စည်ကားသိုက်မြိုက်စွာကျင်းပ



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားနေမှုကိုတွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့်စေတီတော်ကြီး ရင်ပြင်တော်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ကျိုင်းတုံမြို့ ဝပ်ဖကျောက်ကျောင်းဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် တိုင်းစစ်ဌာနချုပ်မွှာရုံအနီးရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။


ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ်ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့ဖြစ်ခြင်းနှင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့်နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးထဲတွင်တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သောစေတီတော်တစ်ဆူလည်း ဖြစ်ပါသည်။ ကဆုန်လသည် မြေခါတ်တွင် ရေပြတ်လပ်သည့်နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များစိမ်းလန်းစိုပြည်၍ အခက်အလက်တို့ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသောနိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသောအကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

**စာမျက်နှာ ၈ သို့ ♦**



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် မန္တလေးမြို့ မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်း မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်စဉ်။



နေပြည်တော် ချမ်းသာရစေတီတော်မြတ် ဘုရားရင်ပြင်တော်တွင် မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်စဉ်။



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဘုရားငါးဆူကျောင်းတိုက်၌ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

♦ စာမျက်နှာ ၇ မှအဆက်

ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် ညောင်ပင်များကို ညှိုးနွမ်းခြောက်သွေ့ခြင်း မရှိဘဲ ရှင်သန်သကဲ့သို့ ဘုရားရှင်၏ သာသနာတော်သည် ရှင်သန်လျက်ရှိနေမည်သာဖြစ်ပါကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကိုအမှီပြု၍ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် "ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်"ကို အစဉ်အလာအရ ကျင်းပသည့်ပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ စစ်သည်၊ မိသားစုဝင်များက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

ဒေသခံပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါနသီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာရွတ်ဖတ်ပူဇော်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သာသနာ့ဝံသမွှောရုံအနီးရှိ မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ပစောက်နှင့်ပေါင်၊ ဘကုန်းဘောင်၊ မှန်အောင် မည်သို့ခွဲမည်နည်း

(ယမန်နေ့မှအဆက်)

| သံနှိမ့်၊ အနက်ရှိ | | သံထင်၊ အနက်မရှိ | |
|---|---|---|---|
| သံလျော့ | သံတင်း | သံလျော့ | သံတင်း |
| က | ခ | ဂ | ဃ |
| စ | ဆ | ဇ | ဈ |
| တ | ထ | ဒ | ဓ |
| ပ | ဖ | ဗ | ဘ |

သို့ရာတွင် လက်တွေ့အားဖြင့်ကား (က>ဂ၊ ခ>ဃ၊ စ>ဇ၊ ဆ>ဈ၊ တ>ဒ၊ ထ>ဓ၊ ပ>ဗ၊ ဖ>ဘ) စနစ်အတိုင်း အရေးပြောင်းသည် မဟုတ်ပါ။ (က/ခ>ဂ၊ စ/ဆ>ဇ/ဈ၊ တ/ထ>ဒ/ဓ၊ ပ/ဖ>ဗ/ဘ) ဟူသောစနစ်ဖြင့် ပြောင်းရေးနေခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကကြီးသည် လည်းကောင်း၊ ခခွေးသည်လည်းကောင်း ဂငယ်သို့ အလျဉ်းသင့်သလို ပြောင်းပါသည်။ ထို့အတူ စလုံးသည်လည်းကောင်း၊ ဆလိမ်သည် လည်းကောင်း ဇကွဲ သို့မဟုတ် ဈမျဉ်းဆွဲသို့၊ တဝမ်းပူသည် လည်းကောင်း၊ ထဆင်ထူးသည်လည်းကောင်း ဒထွေး သို့မဟုတ် ဓအောက်ခြိုက်သို့၊ ပစောက်သည်လည်းကောင်း၊ ဖဦးထုပ်သည် လည်းကောင်း ဗထက်ခြိုက် သို့မဟုတ် ဘကုန်းသို့ အလျဉ်းသင့်သလို ပြောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာဘာသာတွင် သံနှိမ့် သံလျော့ နှင့် သံနှိမ့်သံတင်းတို့သည် အသံထွက် ကွဲပြားကြသော်လည်း သံထင်သံလျော့နှင့် သံထင်သံတင်းတို့သည် အသံထွက် မကွဲပြားဘဲ အသံထွက်တူနေကြသောကြောင့် ဖြစ်ပါသည်။

"ပေါင်" နှင့် "ဘောင်" အရေးတွင် သတိထားမှတ်သားရန် အချက် ၂ ချက်ရှိပါသည်။

နံပါတ် ၁ အချက်မှာ ပစောက်သည် ပြောင်းထုံးစနစ်အရ ဗထက်ခြိုက်သို့ ပြောင်း၍ "ဗောင်" ဟု ရေးသင့်သော်လည်း အရေးတွင်ကျယ်မှုအရ "ဘောင်"ဟု ပြောင်းရေးခွင့်ပြုထားရသည်ဟူသော အချက်ဖြစ်ပါသည်။ (သာဓကအားဖြင့် – ပေါင်းကို ဗောင်း (ဗောင်းထုပ်)၊ ပန်းကို ဗန်း(ဗန်းခုံး)၊ ပြက်ကို ဗြက်(ဒုံ၊ ဗြက်၊ ဓောက်)၊ ပွေကို ဗွေ(ဗွေကြွန်လက္ခဏာ)၊ ပွက်ကို ဗွက်(ရွှံ့တော ဗွက်တော) စသည်တို့ တွင်ကား ပစောက်သည် ဗထက်ခြိုက်သို့ ပြောင်းပါသည်)။

နံပါတ် ၂ အချက်မှာ ကန်ပေါင်၊ ချိန်ခွင်ပေါင်၊ တံခါးပေါင်၊ ဓာတ်ပုံပေါင်၊ မြောင်းပေါင်၊ မှန်ပေါင် စသည်တို့တွင် အနက်စွဲ အတိုင်း ပစောက်ပေါင် ဖြင့်ရေး၍ အသံစွဲဖြင့် ရေးသောအခါတွင်မူ ဘကုန်းဘောင်ဖြင့် ရေးပြီး ဘောင်ခတ်သည်၊ ဘောင်ဝင်သည်၊ ဘောင်သွင်းသည်၊ လူ့ဘောင် နတ်ဘောင်၊ ဥပဒေဘောင်၊ ကျွန်းသားဘောင်၊ ပျဉ်းကတိုးဘောင် စသည် တို့တွင် ဘကုန်းဘောင်ဖြင့် ပြောင်းရေးရသည်ဟူသောအချက် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ပစောက်ပေါင်နှင့် ဘကုန်းဘောင်အရေးနှစ်ရပ်တွင် ပစောက်ပေါင်၌သာ အနက်ရှိ၍ ဘကုန်းဘောင်၌ အနက်မရှိကြောင်း ရှေ့တွင်ဖော်ပြ ပြီးဖြစ်ပါသည်။ ထို့ကြောင့် ပစောက်ပေါင်၌သာ ကြံဆ ဖော်ထုတ်ရပါလိမ့်မည်။

ပစောက်ပေါင်၏အနက်မှာ "ကပ်၊ တွဲ၊ မြှောင်၊ ယှဉ်" ဖြစ်သည်။ ဤသို့ဖြင့် ကပ်ထားသောအရာ၊ တွဲထားသောအရာ၊ မြှောင်ထားသော အရာ၊ ယှဉ်ထားသောအရာကို ပေါင်ဟု ခေါ်ခြင်းဖြစ်သည်။ ကန်၏ ဘေးပတ်လည်တွင် ပေါင်မြှောင် တွဲကပ်ထားသောအရာကို ကန်ပေါင်၊ ချိန်ခွင်လျှာ၊ ဘေးနှစ်ဖက်တွင် ပေါင်မြှောင်တွဲကပ်ထားသောအရာကို ချိန်ခွင်ပေါင်၊ တံခါးပတ်လည်တွင် ပေါင်မြှောင်တွဲကပ်ထားသောအရာကို တံခါးပေါင်၊ ဓာတ်ပုံ၏ ဘေးပတ်လည်တွင် ပေါင်မြှောင်တွဲကပ်ထားသော အရာကို ဓာတ်ပုံပေါင်၊ မြောင်း၏ ဘေးနှစ်ဖက်တွင် ပေါင်မြှောင်တွဲကပ် ထားသောအရာကို မြောင်းပေါင်၊ မှန်၏ ဘေးပတ်လည်တွင် ကပ်မြှောင် တွဲကပ်ထားသောအရာကို မှန်ပေါင်ဟု ခေါ်ဝေါ်ရေးသားခြင်းဖြစ်ပေသည်။

ထိုပစောက်ပေါင်ကိုပင် အာဒိစကားလုံး (အစ စကားလုံး) အဖြစ် သုံးသောအခါ ဘကုန်းဖြင့် ဘောင်ဟု ခေါ်ဝေါ်ရေးသားပါသည်။ ဘကုန်းဘောင်၏ အဓိပ္ပာယ်မှာ ပေါင်၏ အဓိပ္ပာယ်ကဲ့သို့ပင် ထိန်းကွပ် ထားသော ပတ်လည်အနားသတ်ကိုလည်း ဟော၍ ထိုမှတစ်ဆင့် သတ်မှတ်ထားသော အပိုင်းအခြား၊ အဝန်းကိုလည်း ဟောပါသည်။ ထို့ကြောင့်လည်း ဘောင်ခတ်သည်၊ ဘောင်ဝင်သည်၊ ဘောင်သွင်းသည်၊ လူ့ဘောင်၊ နတ်ဘောင်၊ ဥပဒေဘောင် စသည့် ဝေါဟာရများကို ဘကုန်းဘောင်ဖြင့် ရေးသားခြင်းဖြစ်ပေသည်။

သို့ရာတွင် ကြေးဘောင်ဆိုသည်မှာ ကြေးဖြင့် ပြုလုပ်ထားသော ဘောင် ဖြစ်သည်။ သံဘောင်၊ သံမဏိဘောင်၊ ကျွန်းသားဘောင်၊ ပျဉ်းကတိုးဘောင်တို့သည် သံဖြင့်ပြုလုပ်ထားသောဘောင်၊ သံမဏိဖြင့် ပြုလုပ်ထားသောဘောင်၊ ကျွန်းသားဖြင့်ပြုလုပ်ထားသောဘောင်၊ ပျဉ်းကတိုးသားဖြင့်ပြုလုပ်ထားသောဘောင်များ ဖြစ်သည်။ ကြေး၊ သံ၊ သံမဏိ၊ ကျွန်းသား၊ ပျဉ်းကတိုးသားတို့တွင် ပေါင်မြှောင် ကပ်တွဲ ထားသောအရာများ မဟုတ်သဖြင့် ကြေးပေါင်၊ သံပေါင်၊ သံမဏိပေါင်၊ ကျွန်းသားပေါင်၊ ပျဉ်းကတိုးပေါင်စသည်ဖြင့် မရေးရခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုသော် ကြေး၊ သံ၊ သံမဏိ၊ ကျွန်းသား၊ ပျဉ်းကတိုးသားတို့ ကိုယ်တိုင်ပင်လျှင် ဘကုန်းဖြင့်ရေးရသော "ဘောင်"များ ဖြစ်နေကြ သောကြောင့်ပင်တည်း။

ထို့ကြောင့် "ပစောက်" နှင့် ပေါင်၊ ဘကုန်းဘောင်၊ မှန်အောင် မည်သို့ ခွဲမည်နည်း" ဟူသော အမေး၏ အဖြေကို အောက်ပါအတိုင်း မှတ်သင့်ပါ၏။

> ကန်ပေါင်၊ မြောင်းပေါင်၊ တံခါးပေါင်၊
> **သည်ပေါင်၊ ပစောက်တည်း။**
> ကြေးဘောင်၊ သံဘောင်၊ သစ်သားဘောင်၊
> **သည်ဘောင် ဘကုန်းတည်း။**

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

ရန်ကုန် မေ ၂၂

# လူငယ်ဘောလုံးဖွံ့ဖြိုးရေး၊ အမျိုးသမီးဘောလုံးဖွံ့ဖြိုးရေး အကယ်ဒမီနှင့် လူငယ်ပြိုင်ပွဲများအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ်ပူးပေါင်းဆောင်ရွက်ရန် MoU ရေးထိုး




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF) သည် လူငယ်ဘောလုံးဖွံ့ဖြိုးရေး၊ အမျိုးသမီး ဘောလုံးဖွံ့ဖြိုးရေး အကယ်ဒမီကျောင်း များနှင့် လူငယ်အသင်းပြိုင်ပွဲများအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)နှင့် ပူးပေါင်း ဆောင်ရွက်ရန် နှစ်ဖက်နားလည်မှုစာချွန် လွှာ(MoU)လက်မှတ်ရေးထိုးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ၌ပြုလုပ်သည်။

ယင်းလက်မှတ်ရေးထိုးခြင်းကို ဂျပန် နိုင်ငံရှိ JFAရုံးချုပ်၌ပြုလုပ်ခဲ့ပြီး MoU ရေးထိုးခြင်းအခမ်းအနားသို့ အာရှဘောလုံး အဖွဲ့ချုပ်(AFC) Senior Vice President၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ် (JFA)ဥက္ကဋ္ဌ Tsuneyasu Miyamoto တို့ တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် ပူးပေါင်း ဆောင်ရွက်ခြင်းကို ကနဦးသုံးနှစ်ထားရှိရန် သဘောတူညီခဲ့ပြီး နည်းစနစ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒိုင်လူကြီးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး၊ အမျိုးသမီးဘောလုံးဖွံ့ဖြိုး တိုးတက်ရေးနှင့်လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်း များပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဧရာဝတီဖောင်ဒေးရှင်း၏ပံ့ပိုးမှုဖြင့် မြန်မာ လူငယ် ယူ-၁၂ အသင်းကို ဘာစီလိုနာ၊ ဂျူဗီတပ်စ်၊ ဂျပန်၊ J League လူငယ် ကလပ်များပါဝင်ယှဉ်ပြိုင်မည့် ယူ-၁၂ နိုင်ငံ တကာဖိတ်ခေါ်လူငယ်ပြိုင်ပွဲသို့ စေလွှတ် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ**–MFF

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက် ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေ သည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ် သည်။

နေပြည်တော် မေ ၂၂

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

၂၂-၅-၂၀၂၄

**ထူးခြားသည့် နေ့အပူချိန်များ**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| အမ်း | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ကလေးဝ | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | သံတွဲ | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ပြည် | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |

နေပြည်တော်   မေ   ၂၂

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် သာသနာတော်နှစ် ၂၅၆၈ နှစ်သို့ ကူးပြောင်းရောက်ရှိမှုအထိမ်းအမှတ် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများလောင်းလှူပူဇော်

သာသနာတော်နှစ် ၂၅၆၈ နှစ် အထိမ်းအမှတ် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး(၁၀၂၇၂) ပါးတို့အား ဆွမ်းနှင့် နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ခြင်းမဟာမင်္ဂလာကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့ရှိ သတ်မှတ်မင်္ဂလာမဏ္ဍပ်များတွင် တစ်ချိန်တည်း တစ်ပြိုင်တည်းပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့်



မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ပွဲကျင်းပစဉ်။

ဧည့်သည်တော်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မန္တလေးကျုံးတောင်ဘက်(တောင်ပြင်)မင်္ဂလာမဏ္ဍပ်၌ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်တော်မူကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံမှ အနုမောဒနာ ရေစက်ချတရားနာယူကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

အလားတူ ကျုံး(အရှေ့ပြင်)၊ (အနောက်ပြင်)၊ (မြောက်ပြင်)မင်္ဂလာမဏ္ဍပ်များတွင်လည်း ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်တော်မူကြခြင်း၊ ပရိတ်တရားတော်များကို နာယူခြင်း၊ လှူဖွယ်ပစ္စည်းများဆက်ကပ်ခြင်းနှင့် ရေစက်ချအနုမောဒနာတရား နာယူခြင်းများကို တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး (၁၀၂၇၂)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲကို တစ်ပြိုင်တည်းပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များက သတ်မှတ်နေရာ မန္တလေးကျုံး လေးပြင်လေးရပ်တွင် ကျုံးတစ်ဖက်လျှင် သံဃာတော်အပါး (၂၅၆၈) ပါးစီဖြင့် ကျုံးလေးဖက်ရှိ သံဃာစုစုပေါင်း (၁၀၂၇၂)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ ဆေးဝါးများနှင့် နဝကမ္မအလှူငွေများကို တစ်ချိန်တည်းတစ်ပြိုင်တည်း သဒ္ဓါတရားထက်သန်စွာဖြင့် ကြည်ညိုဖွယ်ရာ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

---

နေပြည်တော်   မေ   ၂၂

# လားရှိုးမြို့၊ သီရိမင်္ဂလာမန်ဆူကျောင်းတိုက်ရှိ ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ သီရိမင်္ဂလာမန်ဆူဘုန်းတော်ကြီးကျောင်းရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ရာ သီရိမင်္ဂလာမန်ဆူကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တပုညနန္ဒ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီရိမင်္ဂလာမန်ဆူဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တသုတ်ပရိတ်တရားတော်များ နာကြားကာ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအတွက် တိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ဆန် ၃၁၇ အိတ်၊ ဆီ ၉၅ ပိဿာ၊ ပဲ၊ ဆားနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်တို့က ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံရယူစဉ်။


(၁၀၀)

---

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော်   မေ   ၂၂

**လေဖိအားနည်းရပ်ဝန်းအခြေအနေ**




ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းလွန်-အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် အရှေ့မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ၂၄-၅-၂၀၂၄ ရက်၌ မုန်တိုင်းငယ်(Depression)အဖြစ်သို့ရောက်ရှိနိုင်သည်။ ထို့နောက် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ၂၅-၅-၂၀၂၄ ရက် ညနေပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ၂၃-၅-၂၀၂၄ရက်မှ ၂၇-၅-၂၀၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ ၅၅ မိုင်အထိတိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

■ စာမျက်နှာ ၁၇ မှအဆက်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ကဆုန်လပြည့်ဗုဒ္ဓနေ့ သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး
ဒေါ်ကြူကြူလှတို့က ကဆုန်လပြည့်ဗုဒ္ဓနေ့
သရုပ်ပြယာဉ်များကို
လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား **“ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်”** ဟုဗျာဒိတ်တော်စကား

**စာမျက်နှာ ၁၂ သို့ ■**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်တော်မူကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီးတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်တော်မူကြစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည် မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။


■ **စာမျက်နှာ ၁၁ မှအဆက်**

မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် **"ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့် ဗုဒ္ဓနေ့**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညု မြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ်ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင်ပြင်ဆင်ခြင်း စသည့်ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆိတ်သားလည်းစား ဆိတ်နို့လည်းသောက်ကြစို့

အာကာမောင်မောင်



ကျွန်တော်တို့ကျောင်းနေစဉ်အရွယ်တုန်းကတော့ အင်္ဂလိပ်စာကို ငါးတန်းရောက်မှစသင်ရပါတယ်။ မှတ်မှတ်ရရလုံးဝမမေ့တဲ့ မီးနင်းကိုဆိုပြပါဆိုရင် GOAT ဆိတ်ဆိုတဲ့အမည်ပဲဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ငါဒါမဖတ်တတ်လို့ဖတ်ပြပါကွာဆိုပြီး ဖတ်ခိုင်းတယ်။ ဖတ်တဲ့သူက GOAT ဆိတ်ဆိုတဲ့အသံထွက်လည်းရောက်ရော ဖတ်ခိုင်းတဲ့သူက လက်ကိုလာပြီးဆိတ်တာပါပဲ။ ဘာလုပ်တာလဲမေးတော့ မင်းကဆိတ်လို့ပြောလို့ ငါကဆိတ်တာလေဆိုပြီး သူငယ်ချင်းအချင်းချင်းနောက်ပြောင်ခဲ့တာတွေ သတိရမိပါတယ်။ လက်သည်းဆိတ် လက်ထိပ်နာဆိုတဲ့စကားပုံကိုလည်း သတိရမိပါတယ်။ ဆိတ်မွေးမြူရေးအကြောင်းရေးဖို့ အတွေးဝင်လာလို့ ပထမဦးဆုံးစဉ်းစားမိတာလေးကိုရေးပြတာပါ။

ဆိတ်ဆိုတာ ကျေးလက်နေပြည်သူတွေအတွက် အရင်းအနှီးနည်းနည်းနဲ့ မိသားစုဝင်ငွေရတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေလို့ဆိုပေမယ့် မြို့တွေမှာလည်း ဆိတ်ကိုမွေးမြူကြပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှာ မွေးမြူကြတာပိုမိုများပြားပါတယ်။ ဆိတ်ကရာသီဥတုဒဏ် လေဒဏ်မိုးဒဏ်အကြမ်းခံတဲ့အတွက်လည်း မွေးတာဖြစ်သလို အရှုံးမရှိတဲ့လုပ်ငန်းတစ်ခုဖြစ်လို့လည်း မွေးမြူကြတာဖြစ်ပါတယ်။ အရှုံးမရှိတဲ့လုပ်ငန်းလို့ သုံးလိုက်ပေမယ့် မွေးမြူတဲ့သူကိုယ်တိုင်က ဆိတ်မွေးမြူရေးလုပ်ငန်းအပေါ်မှာ စိတ်မဝင်စားရင်တော့ မရှုံးဘူးလို့ အာမမခံနိုင်ပါဘူး။

ဆိတ်ကိုဘာဖြစ်လို့မွေးလဲဆိုရင် နို့၊ အသားနဲ့ သားရေရရှိဖို့အတွက် မွေးကြတာဖြစ်ပါတယ်။ ဆိတ်တစ်ကောင်ရဲ့ကိုယ်အလေးချိန်ဟာ နွားတစ်ကောင်ကိုယ်အလေးချိန်ရဲ့ ရှစ်ပုံတစ်ပုံခန့်ပဲရှိပါတယ်။ ဒါပေမဲ့ ဆိတ်ကနွားထက်နို့ထွက်နှုန်း ပိုကောင်းတယ်လို့သိရပါတယ်။ ဆိတ်နို့နဲ့နွားနို့တွေမှာ ပရိုတိန်းနဲ့ အဆီဓာတ်ပါဝင်မှုတူညီပါတယ်။ ဒါပေမဲ့ ဆိတ်နို့အဆီမှာရှိတဲ့ အဆီခဲကလေးတွေဟာ ပိုမိုသေးငယ်တဲ့အတွက် အစာကြေလွယ်ပါတယ်။ ဒါကြောင့်လည်း ဆိတ်နို့ဟာ နွားနို့ထက်ကလေးငယ်တွေ၊ အသက်အရွယ်ကြီးရင့်သူတွေနဲ့လူနာတွေအတွက် ပိုမိုသင့်လျော်ပါတယ်။ ဆိတ်နို့မှာဗဟ်တီးရီးယားပါဝင်မှုနှုန်းဟာ နွားနို့ထက်ပိုပြီးနည်းလှပါတယ်။ ဒါကလည်း သူ့ရဲ့အားသာချက်ပါပဲ။

ဆိတ်တွေဟာ အကြမ်းခံနိုင်ပြီး အစာမရွေးစားတတ်ကြပါတယ်။ နို့ညှစ်လို့လည်းလွယ်ကူပါတယ်။ ဆိတ်တွေစားတာက မြက်၊ သစ်ရွက်အမျိုးမျိုးနဲ့ သစ်ပင်တွေရဲ့အခေါက်တွေကိုခွာပြီး စားတတ်ပါတယ်။ ထူးခြားတာက ဆီးပင်အပါအဝင် ဆူးပင်တွေကို ကြိုက်နှစ်သက်ပါတယ်။ ဆိတ်ရဲ့အစာအိမ်မှာ အမျှင်ကြမ်းများကို ချေဖျက်နိုင်တဲ့အစွမ်းရှိပါတယ်။ ဒါကြောင့်မို့ ဆိတ်မွေးမြူသူတွေအနေနဲ့ စားကျက်မကောင်းလည်း ဆိတ်တွေကိုကောင်းကောင်းမွေးမြူနိုင်တာဖြစ်ပါတယ်။

အသားတွေထဲမှာ ဆိတ်သားဟာလည်း စားလို့ကောင်းတဲ့အထဲမှာ ပါဝင်ပါတယ်။ မဆလာကောင်းကောင်းလေးနဲ့ ဆိတ်သားကိုဆီပြန်ချက်စားရတဲ့အရသာဟာလည်း စားသုံးသူတွေကြိုက်တဲ့အရသာဖြစ်ပါတယ်။ တချို့သောအမဲသားမစားတဲ့သူတွေပင် ဆိတ်သားကိုနှစ်ခြိုက်စွာစားသုံးကြပါတယ်။ ဆိတ်သားဟာ ချက်ပြုတ်သူရဲ့လက်ရာကောင်းမွန်မှုအပေါ်မှာလည်း မူတည်လှပါတယ်။ ဆိတ်သားကစားကောင်းသလို ဆိတ်သားရေကလည်း အသုံးဝင်လှပါတယ်။ ဆိတ်သားရေနဲ့ ဖိနပ်၊ လက်အိတ်၊ လက်ဆွဲအိတ်၊ ဂျာကင် အင်္ကျီစတာတွေ ချုပ်လုပ်ကြပါတယ်။ ဆိတ်သားရေကလည်း အသုံးပြုတတ်သူတွေရဲ့ လက်ရာကောင်းမွန်မှုအပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဆိတ်မွေးမြူသူတွေ အများကြီးရှိနေသလို ဆိတ်မွေးမြူသူတွေအနေနဲ့ ခေတ်နဲ့အညီ ပြုစုပျိုးထောင်ပေးခြင်းဖြင့် စားသုံးသူတွေအတွက် အရည်အသွေးကောင်းမွန်ပြီး အာဟာရပြည့်ဝတဲ့ အသားများထုတ်လုပ်ပေးလာနိုင်တာကို လေ့လာတွေ့ရှိရပါတယ်။ ပြည်တွင်းကထွက်ကုန်တွေ ပိုမိုတိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့နိုင်ရေးဟာ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ မွေးမြူနေတဲ့ဆိတ်တွေအကြောင်းကိုလေ့လာကြည့်ရင် မြန်မာဆိတ်မျိုးများအဖြစ် ထိန်စမ်းမျိုး၊ ဂျိတ်နီမျိုးနဲ့ ဝေသာလီမျိုးဆိုပြီး သုံးမျိုးရှိပါတယ်။ ထိန်စမ်းမျိုးကအလုံးအရပ်ထွားကျိုင်းပါတယ်။ အမွေးရောင် ကိုယ်လုံးဖြူပြီး ဦးခေါင်းမည်းပါတယ်။ နှာခေါင်းပိုင်းမှာ အမွေးဖြူတတ်ပါတယ်။ အများအားဖြင့် မုတ်ဆိတ်ပါပြီး နားရွက်ရှည်ပြီးတွဲလောင်းကျနေပါတယ်။ မျက်နှာခုံးပြီး ဦးချိုနောက်ဘက်ကို လန်ပြီးကွေးနေပါတယ်။ ကိုယ်အလေးချိန်အနေနဲ့ အထီးမှာ ၅၀ ကီလို၊ အမမှာ ၂၉ ကီလိုခန့်ရှိပါတယ်။ အရပ်အမြင့်အနေနဲ့ အထီးမှာ ၇၆ ဒသမ ၂ စင်တီမီတာ၊ အမမှာ ၆၈ ဒသမ ၅၈ စင်တီမီတာခန့်ရှိပါတယ်။ ထိန်စမ်းမျိုးတွေကို မန္တလေးတိုင်းဒေသကြီး ပုပ္ပားနယ်တစ်ဝိုက်နဲ့ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ မြိုင်မြို့နယ်နဲ့ နတ်မောက်မြို့နယ်တွေမှာ အများဆုံးတွေ့ရပါတယ်။

ဂျိတ်နီမျိုးဆိတ်တွေဟာ အရွယ်အစားကြီးမားပါတယ်။ နီညိုရောင်၊ အုန်းခွံရောင်၊ မန်ကျည်းစေ့ရောင်ရှိပါတယ်။ ကိုယ်အလေးချိန်အနေနဲ့ အထီးမှာ ၄၅ ကီလို၊ အမမှာ ၄၂ ကီလိုခန့် ရှိပါတယ်။ အရပ်အမြင့်အနေနဲ့ အထီးမှာ ၇၆ ဒသမ ၂ စင်တီမီတာ၊ အမမှာ ၇၃ ဒသမ ၆၆ စင်တီမီတာခန့်ရှိပါတယ်။ ဂျိတ်နီမျိုးဆိတ်တွေကို မန္တလေးတိုင်းဒေသကြီး တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်နယ်တစ်ဝိုက်မှာ အများဆုံးတွေ့ရှိရပါတယ်။ မြေပြန့်ဒေသမှာ မွေးမြူဖို့သင့်လျော်ပါတယ်။

တတိယမျိုးဖြစ်တဲ့ ဝေသာလီမျိုးဆိတ်တွေကတော့ အလုံးအထည်သွယ်ပါတယ်။ အမွေးရောင်မှာ အညိုရောင် အနက်ဘက်နွယ်ပါတယ်။ ကိုယ်အလေးချိန်အနေနဲ့ အထီးက ၃၈ ကီလို၊ အမက ၃၁ ကီလို ခန့်ရှိပါတယ်။ အရပ်အမြင့်အနေနဲ့ အထီးမှာ ၈၁ ဒသမ ၂၈ စင်တီမီတာ၊ အမမှာ ၆၈ ဒသမ ၅၈ စင်တီမီတာခန့်ရှိပါတယ်။ ဝေသာလီမျိုးတွေကိုတော့ မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ရေစကြို၊ ပေါက်၊ မြိုင်မြို့နယ်တစ်ဝိုက်မှာ မွေးမြူကြပါတယ်။

**တိရစ္ဆာန်မွေးမြူရေးမှန်သမျှမှာ အရေးကြီးတာကတော့ မျိုးကောင်းမျိုးသန့်ရွေးချယ်နိုင်ဖို့ဖြစ်ပါတယ်။ ဆိတ်မွေးမြူရေးမှာလည်း ရေရှည်ကိုမျှော်မှန်းပြီး မျိုးကောင်းကိုရွေးချယ်ရပါတယ်။ ဆိတ်ထီးတွေရဲ့ မျိုးဗီဇရွေးချယ်ရာမှာ ထုတ်လုပ်နိုင်မှုနဲ့ခန္ဓာကိုယ်အနေအထားသာမက မိဘမျိုးရိုးနဲ့သားသမီးများရဲ့ အရည်အသွေးကိုပါ ကြည့်ရှုရွေးချယ်ရပါတယ်။ ခန္ဓာကိုယ်အနေအထားမှာ ခြေထောက်နဲ့အဆစ်တွေရဲ့ တည်ဆောက်ပုံနဲ့ အပေါ်မေးရိုးနဲ့အောက်မေးရိုး အလျားကွာခြားချက်တွေပါဝင်ပါတယ်။ ဆိတ်မတွေ ရွေးချယ်ရာမှာလည်း ကလေးတစ်ကောင်ထက်ပိုမွေးခြင်း၊ ကြီးထွားနှုန်းကောင်းမွန်ခြင်း၊ သားခွဲချိန်မှာ အားလုံးအသက်ရှင်ကာသားခွဲနိုင်ခြင်း၊ ကပ်ပါးရောဂါခံနိုင်ရည်ရှိခြင်း၊ နို့အုံနဲ့နို့တိုင်းများရဲ့အရွယ်အစားနဲ့ တည်ဆောက်ပုံတွေကို အဓိကထားရပါမယ်။ အရည်အသွေးကောင်းတဲ့ မျိုးစပ်မယ့်အထီးနဲ့အမတွေကို ရွေးချယ်ပြီး ဆိတ်ကလေးများကို မွေးမြူခြင်းဟာလည်း ဆိတ်မွေးမြူရေးမှာအဓိကအချက်တစ်ခုဖြစ်ပါတယ်။**

ဆိတ်မွေးမြူတဲ့နေရာမှာ အဓိကအားဖြင့်အသားထုတ်လုပ်ခြင်း၊ နို့ထုတ်လုပ်ခြင်း၊ အသားနဲ့နို့ထုတ်လုပ်ခြင်းတို့ကို အဓိကရည်မှန်းချက်ထားရှိကြပါတယ်။ အသားထုတ်လုပ်ဖို့ဆိုရင် အသားတိုးနှုန်း၊ အစာမှအသားပြောင်းနှုန်း၊ အသားထွက်နှုန်းနဲ့အသားအရည်အသွေး၊ မျိုးပွားမှုဆိုင်ရာအရည်အသွေးများ၊ အကြမ်းခံနိုင်မှုနဲ့ ဆိတ်မကြီးရဲ့ နို့ပေးနိုင်မှုစတဲ့အချက်တွေကို အဓိကထားရွေးချယ်ကြရပါမယ်။ ဒီအချက်တွေသိနိုင်ဖို့ကတော့ ဆိတ်မတစ်ကောင်ရဲ့ တစ်နှစ်အတွင်း မွေးဖွားတဲ့သားခွဲဆိတ်ကလေးများရဲ့ စုစုပေါင်းအလေးချိန်ကိုတွက်ချက်ကြည့်ခြင်းဖြင့် လွယ်ကူစွာသိရှိနိုင်ပါတယ်။ နို့ထုတ်လုပ်မှုအတွက် တစ်နေ့နို့ထွက်နှုန်း၊ နို့ပေးကာလ၊ နို့မှာအဆီပါဝင်မှု၊ အဆီမဟုတ်တဲ့အစိုင်အခဲပါဝင်မှုနဲ့ ဆိတ်နို့ဖြင့်ထုတ်လုပ်တဲ့ ထောပတ်၊ ဒိန်ခဲများထုတ်လုပ်မှုမှာနို့ရဲ့အသားဓာတ်ပါဝင်မှုတွေကို အဓိကထားရွေးချယ်ဖို့လိုအပ်ပါတယ်။ ဒါတွေကတော့ အသားထုတ်လုပ်ခြင်းနဲ့ နို့ထုတ်လုပ်ခြင်းပဲဖြစ်ပါတယ်။

ဒီလိုမျိုးအသားတွေ၊ နို့တွေကောင်းကောင်းထုတ်လုပ်နိုင်ဖို့ဆိုရင် ဆိတ်မွေးမြူရေးမှာလူတွေကိုယ်တိုင်ကလည်း ဂရုတစိုက်ရှိကြရပါမယ်။ အညာဒေသတွေမှာ ဆိတ်တွေကို ကွင်းသို့လွှတ်ကျောင်းပြီး စားကျက်မှ အစာအာဟာရတွေစားသောက်ခြင်းနဲ့ ပုံမှန်ကြီးထွားအရွယ်ရောက်နိုင်ပါတယ်။ ဒါပေမဲ့ ဆိတ်တွေကို ဂရုစိုက်တဲ့အနေနဲ့ အစာနုဖြည့်စွက်စာတွေထည့်ကျွေးရပါမယ်။ ဒါမှကြီးထွားနှုန်းပိုကောင်းလာပါမယ်။ ရောင်းတမ်းဝင်အရွယ်ကို မြန်မြန်ရောက်နိုင်သလို ရောဂါဒဏ်ကိုလည်း ခံနိုင်ရည်ရှိနေပါလိမ့်မယ်။ သားအောင်နှုန်း၊ သားပေါက်နှုန်းတွေလည်းကောင်းလာနိုင်ပါတယ်။ အမြွှာမွေးနှုန်းလည်းများလာနိုင်ပါတယ်။

ဆိတ်ကလေးတွေအသက်ပထမ ၁၀ ပတ်အတွင်း အစာနု ၆ ကျပ်သား၊ ကိုယ်ဝန်ဆောင်ဆိတ်မတွေကို အစာနုတစ်နေ့ ၁၂ ကျပ်သားကျွေးရပါမယ်။ နို့ပေးဆိတ်မတွေကို နို့ ၆၀ ကျပ်သားထွက်တိုင်း အစာနု ၁၈ ကျပ်သားကျွေးရပါတယ်။ အစာနုစပ်ဟာ အရသာရှိပြီး အရည်အသွေးကောင်းပါတယ်။ စီးပွားရေးတွက်ခြေကိုက်ရန် ဈေးနှုန်းချိုသာပြီး ဒေသအတွင်း အလွယ်တကူရရှိနိုင်တဲ့ အစာမျိုးဖြစ်သင့်ပါတယ်။ ဥပမာအားဖြင့်ပြောင်းမှုန့် ၂၅ ရာခိုင်နှုန်း၊ ပဲဖတ် ၁၀ ရာခိုင်နှုန်း၊ နှမ်းဖတ် ၁၅ ရာခိုင်နှုန်း၊ ကုလားပဲခွံ ၅၀ ရာခိုင်နှုန်းဒါကတော့စပ်စာ (၁) ပါ။ ပြောင်းမှုန့် ၁၅ ရာခိုင်နှုန်း၊ ဆန်ကွဲ ၁၂ ရာခိုင်နှုန်း၊ ဖွဲနု ၁၄ ရာခိုင်နှုန်း၊ ကုလားပဲခွံ ၂၀ ရာခိုင်နှုန်း၊ ဝါကြိတ်ဖတ် ၁၂ ရာခိုင်နှုန်း ဒါကတော့ စပ်စာ (၂) ပါ။ ပြောင်းမှုန့် ၁၄ ရာခိုင်နှုန်း၊ ဆန်ကွဲ ၂၀ ရာခိုင်နှုန်း၊ ဖွဲနု ၃၃ ရာခိုင်နှုန်း၊ ပဲပုပ်ဖတ် ၃၃ ရာခိုင်နှုန်း ဒါကတော့ စပ်စာ (၃) ပါ။ ဒီလိုအချိုးအစားအတိုင်းစပ်ပြီးကျွေးရပါမယ်။

ဆိတ်ကအကောင်ငယ်တဲ့ တိရစ္ဆာန်ဖြစ်လို့ ချည်၍မွေးခြင်း၊ လွှတ်ကျောင်းမွေးခြင်း၊ ခြံလှောင်မွေးမြူခြင်း၊ ကွင်းလွှတ်ခြံလှောင်တွဲဖက်မွေးမြူခြင်း၊ နှစ်ရှည်သီးနှံများနဲ့တွဲ၍မွေးမြူခြင်းဆိုပြီးနည်းလမ်းငါးသွယ်နဲ့ မွေးမြူကြပါတယ်။ ဘယ်လိုပဲမွေးမွေး ဆိတ်ခြံတော့ ဆောက်လုပ်ရပါမယ်။ ဒေသထွက်ပစ္စည်းတွေနဲ့ဆောက်လို့ရပါတယ်။ ဆိတ်တွေညလေတိုက်ခတ်တာကို မနှစ်သက်ပါဘူး။ အကာအရံတွေမှာ လေဝင်လေထွက်နဲ့ အလင်းရောင်လုံလုံလောက်လောက်ရရှိဖို့လည်းလိုပါတယ်။ မြေစိုက်ဆောက်လုပ်မယ်ဆိုပါက ခြောက်သွေ့ပြီးအညစ်အကြေးတွေ လွယ်ကူစွာသိမ်းဆည်းနိုင်တဲ့နေရာဖြစ်ရပါမယ်။ မိုးရေအလွယ်တကူစီးဆင်းနိုင်ရပါမယ်။ ဆိတ်တွေနားနေဖို့ လုံလောက်တဲ့အကျယ်အဝန်းရှိရပါမယ်။

ဆိတ်ကလေး ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ ပတ်သက်လို့ ဆိတ်ကလေးတွေမွေးပြီးပြီးချင်း ဦးခေါင်းနဲ့ကိုယ်လုံးများမှ အကျိအချွဲတွေကိုဖယ်ရှားပေးရပါမယ်။ လွတ်လပ်စွာအသက်ရှူနိုင်ဖို့ပါ။ ဆိတ်ကလေးတွေမွေးဖွားပြီး နာရီပိုင်းအတွင်း မိခင်နို့ဦးရည်ရရှိဖို့လိုပါတယ်။ ဆိတ်ငယ်တစ်ပတ်သားအရွယ်ခန့်မှာ ဆိတ်အုပ်နဲ့အတူ လွှတ်ကျောင်းနိုင်ပါတယ်။ များသောအားဖြင့်

**စာမျက်နှာ ၁၄ သို့ ➢**

➢ စာမျက်နှာ ၁၃ မှအဆက်

အသက် ၆ ပတ်သားမှာ နို့ခွဲလေ့ရှိပါတယ်။ ဆိတ်တွေဟာ လူတွေနဲ့အနီးကပ်ဆုံး၊ အယဉ်ပါးဆုံးတိရစ္ဆာန်တွေဖြစ်သလို လူတွေအပေါ်မှာလည်း ရန်ရှာမှုလွန်စွာနည်းပါးလှတဲ့ သတ္တဝါတွေဖြစ်ပါတယ်။

ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ဆောင်သူတွေအနေနဲ့ ဆိတ်သားထုတ်လုပ်ရောင်းချဖို့အတွက် ဈေးကွက်လည်း ပေါ်များပါတယ်။ ဆိတ်သားဟာ လူမျိုးမရွေး၊ ဘာသာမရွေးစားသုံးတဲ့ အသားဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဆိတ်သားကို အထူးစားသုံးကြပါတယ်။ ဆိတ်သားဟာ အရသာရှိအသားတစ်မျိုးဖြစ်ပါတယ်။ ဆိတ်သားများမှာ ချီဗွန် (Chevon) လို့ခေါ်တဲ့ ဆိတ်ငယ်လေးများမှ ထုတ်လုပ်ထားတဲ့အသားဟာ အလွန်နာမည်ကြီးတဲ့ အသားတစ်မျိုးဖြစ်ပါတယ်။ အသက် ၆ လ နဲ့ ၉ လကြား ဆိတ်ငယ်အသားတွေဖြစ်လို့ ဆိတ်သိုးနံ့နံခြင်းမရှိဘဲ အသားကအလွန်နူးညံ့ပါတယ်။ ဒါ့ကြောင့် လူကြိုက်များနေတာဖြစ်ပါတယ်။

ဆိတ်သားက စားကောင်းသလို ဆိတ်နို့ကလည်း လူတွေရဲ့ကျန်းမာရေးမှာ အထောက်အကူများစွာ ရရှိပါတယ်။ ဆိတ်နို့ထုတ်လုပ်ခြင်းကို ဆိတ်ကလေးမွေးဖွားချိန်မှစတင်ပြီး နောက်ကလေးမွေးထုတ်ရန် တစ်လအလိုအထိ ထုတ်လုပ်နိုင်ပါတယ်။ ဆိတ်နို့မှာ ကယ်ဆီယမ်၊ ဖော့စဖောရပ်၊ ကလိုရင်း၊ ဗီတာမင်များစွာ ပါဝင်ပါတယ်။ ဆိတ်နို့ဟာအစာကြေလွယ်သလို ဝမ်းကိုပျော့စေပါတယ်။ ဆိတ်နို့ သောက်သုံးခြင်းဖြင့် စိတ်ဖိစီးမှုဒဏ်ကို ကင်းဝေးစေပြီး ညဘက်အိပ်မပျော်ခြင်း ရောဂါတွေ ကင်းဝေးစေပါတယ်။ နွားနို့နဲ့ ဓာတ်မတည့်သူတွေအနေနဲ့ ဆိတ်နို့ကို ပြောင်းလဲသောက်သုံးနိုင်ပါတယ်။ အသက်အရွယ်ကြီးရင့်သူတွေ၊ သွေးတိုးရောဂါနဲ့ ဆီးချိုရောဂါရှိသူတွေအတွက် သင့်လျော်ပါတယ်။ အထူးခြားဆုံးအချက်တစ်ချက်ကတော့ ဆိတ်နို့မှာ ပါဝင်တဲ့အသားဓာတ်များဟာ လူသားများရဲ့ နို့များနဲ့ဆင်တူတာကြောင့် ကလေးငယ်တွေအတွက် အထူးပင်သင့်လျော်တယ်လို့ ဆိုပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်လျက်ရှိရာမှာ ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်လည်း မိမိတို့ရဲ့ လူမှုစီးပွားဘဝမြင့်မားရေး၊ မိမိနိုင်ငံရဲ့ စီးပွားရေးမြင့်မားတိုးတက်ရေးတို့အတွက် ဆိတ်မွေးမြူရေးကိုပိုမိုအောင်မြင်အောင်၊ ထိုမှတစ်ဆင့် အအောင်မြင်ဆုံးဖြစ်အောင် မွေးမြူနိုင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

ကန့်ဘလူ၊ လူမှုရေး

## အခြေခံအင်္ဂလိပ်စာနှင့်သိုးမွှေးချည်ထိုးနည်း သင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် အခြေခံအင်္ဂလိပ်စာ Grammar နှင့် သိုးမွှေးချည်ထိုးနည်းသင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၂၁ ရက် နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကျောင်းပိတ်ရက်ကာလများတွင် ကလေးငယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန်၊ နိုင်ငံတကာသုံး အင်္ဂလိပ်စကားပြောဆိုတတ်လာစေရန်၊ အင်္ဂလိပ်စာစွမ်းရည်များတိုးတက်လာပြီး ကျောင်းစာများတွင်လည်း အထောက်အကူပြုစေရန်နှင့်လှပသောခေါင်းစည်းကွင်းအမျိုးမျိုးနှင့် တဘက်များကို ကိုယ်တိုင်ထိုးတတ်ပြီး ငွေကြေးကုန်ကျမှုသက်သာစေရန်ရည်ရွယ်ပြီး သင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းနည်းပြ ဆရာမများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းနှင့်ပတ်သက်၍ သုံးသပ်ပြောကြားသည်။

ထို့နောက် သင်တန်းတွင် အင်္ဂလိပ်စာအပြောနှင့်အရေးစွမ်းရည်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုပေးအပ်ပြီး သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ အဆိုပါ သင်တန်းများကို မေလ ၆ ရက်မှ ၂၁ ရက်အထိ ၁၅ ရက်ကြာ သင်ကြားပေးပြီး အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၀ ဦး တက်ရောက်ကြကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ဇလွန်၊ လူမှုရေး

## နွေရာသီအဆင့်မြင့်အားကစားသင်တန်းများဆင်းပွဲ အခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်လူငယ်ရေးရာကော်မတီမှကြီးမှူး၍ နွေရာသီအဆင့်မြင့်အားကစားသင်တန်းများဆင်းပွဲအခမ်းအနားကို မေလ ၂၁ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက ယခုလို နွေရာသီအဆင့်မြင့် အားကစားသင်တန်းများဖွင့်လှစ်ရခြင်းဖြင့် လူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားစိတ်ဓာတ်များပိုမိုသက်ဝင်ယုံကြည်လာခြင်းမှ တစ်မျိုးသားလုံး၏ကာယ၊ ဉာဏ၊ စာရိတ္တများဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပြီး အားကစားသင်တန်းများ တက်ရောက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်၍ အသိဉာဏ်များပွင့်လန်းလာပြီး သူငယ်ချင်းများတိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့်သင်တန်းတွင်ဆုရရှိသည့် သင်တန်းသားများအား ဆုတံဆိပ်များပေးအပ်ကြသည်။ ယင်းနောက် ကရာတေးဒိုသင်တန်းသားများက သရုပ်ပြသကြကြောင်း သိရသည်။

**ဝေယံ(ဇလွန်ပြန်/ဆက်)**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော်    မေ    ၂၂

# ၁၃၈၆ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာအခမ်းအနားဆင်ယင်ကျင်းပ





နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောင္ဃသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသောဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဓမ္မပူဇာအလှူတော်ငွေများပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူစဉ်။

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ ဓမ္မသဘင် မင်္ဂလာအခမ်းအနားကို ယနေ့ ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မာရဝိဇယဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်နာယူကြည်ညိုသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောင္ဃသမရွှေကျင် သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်ဝတ်အသင်းအဖွဲ့များ တက်ရောက်နာယူကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး အမှူးပြုသောဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောင္ဃသမရွှေကျင် သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာနာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူပြီး သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောင္ဃသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီးများကပ်လှူပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

■ကျောဖုံးမှအဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီးများကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဥ္စနပူဇာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊



ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများသည် သတ်မှတ်ထားသည့် နေရာများအလိုက်နေရာယူကြပြီး မဟာဗောဓိ ညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ထို့နောက် မဟာဗောဓိ ညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းအား ဖတ်ကြားပြီး ကုသိုလ်အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ကဆုန်လပြည့်ဗုဒ္ဓနေ့ သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ဇေယျာသီရိမြို့နယ်၊ လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ **စာမျက်နှာ ၁၁ သို့** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်တော်မူကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲတက်ရောက်လာကြသည့် ဝတ်အသင်းအဖွဲ့များကိုတွေ့ရစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 22

# SAC Chairman Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, council members and their wives pour water on banyan trees



Senior General Min Aung Hlaing and wife sprinkle scented water on the Maha Bawdi banyan tree.



Senior General Min Aung Hlaing views decorated floats.



Senior General Min Aung Hlaing and wife pouring Kason water on the banyan tree.

A ceremony to pour water on Bo tree in the precinct of Maravijaya Buddha Image in Nay Pyi Taw in Nay Pyi Taw Council Area took place at the venue on full moon of Kason, 1386 Myanmar Era, today, which is one of the 12 seasonal festivals of Myanmar, attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla who poured water on the Bo tree at the ceremony this afternoon.

Also present at the ceremony were Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and his wife Daw Than Than Nwe, the Council Secretary and wife, the Joint Secretary and wife, council members and their wives, union-level dignitaries, union ministers and their wives, the commander of Nay Pyi Taw Command, officials and religious association members.

The Senior General and his wife offered flowers, water and oil lights to the Maravijaya Buddha Image.

The ceremony to pour water on banyan trees in Kason full moon day took place with opening of the ceremony with three time recitation of Namo Tassa. The master of ceremonies recited Maha Bodhi Rukkhasinjinna Puja Gatha, and all attendees called Sadhu three times.

The Senior General and wife, the Vice-Senior General and wife, the Secretary and wife, the Joint Secretary and wife, Council members and their wives, union-level dignitaries and their wives took positions in the designated places and sprayed scented water to the Bo tree and poured water on it. Then, they offered water to Buddha images at the Bo tree and went round the plant clockwise.

Members of religious associations sprayed scented water on the Bo tree and poured water. The MC read the paper of sharing merits gained and the ceremony ended with three-time recitation of Buddha Sasanam Ciram Titthatu.

The Senior General and wife cordially greeted the people and viewed round the decorated floats on Buddha Day.

The Senior General and his wife, the Vice-Senior General and his wife, Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Zwe Win Myint and wife, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief (Army, Navy and Air) and their wives, officers, other ranks and families poured water on Bo trees at Lawka Chantha Hsutaungpyae Association's Pagoda in Zeyathiri Township.

On full moon of Kason, Dipankara Buddha gave a pre-ordainment to Buddha-to-be Sumeda hermit **"He will be**

**See Page - 19**

From Page - 18

**Buddha in Bhadda world",** Buddha-to-be prince Sidddhatta was born, the Buddha-to-be attained Enlightenment, and the Buddha attained Parinibbana. So, it was recorded as dates of preordainment, of birth, of attaining Enlightenment and of attaining Parinibbana. Hence, it is a sacred day of Buddhists. Significantly, these



Vice-Senior General Soe Win and wife pouring Kason water on the banyan tree.



Senior General Min Aung Hlaing and wife pouring Kason water on the banyan tree.

all sacred days fall on full moon of Kason. So, Kason full moon is marked as **Buddha Day**. The ceremony of water-pouring on Bo tree is a prominent religious day designated as a Myanmar's heritage. Hence, one day ahead of the ceremony, the banyan trees are sprayed with scented water and the thrones are prepared magnificently for doing meritorious deeds. **100**

NAY PYI TAW May 22

# 1386 Kason Full Moon Buddha Day celebrated





Daw Kyu Kyu Hla and the congregation listening to the sermon delivered by Sitagu Sayadaw.

The 1386 Kason Full Moon Buddha Day ceremony was held this evening at the Aggadhipati Sasana Beikman in the Maravijaya Buddha Park, Union Territory, Nay Pyi Taw, this evening, attended by Daw Kyu Kyu Hla, wife of State Administration Council Chairman Prime Minister Senior General Min Aung Hlaing.

The event was graced by State Oavadacariya ITBMU Oavadacariya Chancellor of Thitagu International Buddhist Academies Abhidhaja Maha Rattha Guru Agga Maha Pandita Maha Dhammkakhtika Bahujana Hitadhara Sitagu Sayadaw Dr Bhaddanta Nyanissara. Also present together with Daw Kyu Kyu Hla were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC Secretary and wife, SAC members and wives, Union-level officials, Union Ministers and wives, the chairman of the Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, deputy ministers, officials, and religious associations.

The ceremony began with the chanting of "Namo Tassa" three times. Daw Kyu Kyu Hla and the congregation received the Eight Precepts from the Sitagu Sayadaw, who then delivered a Dhamma sermon on the significance of the Kason Full Moon Buddha Day.

Afterwards, Vice-Senior General Soe Win offered cash donations, which were received by Union Minister for Religious Affairs and Culture U Tin Oo Lwin. Then, the Sitagu Sayadaw presented a certificate of honour to Vice-Senior General Soe Win.

After the Sitagu Sayadaw delivered a sermon to which the congregation listened, sharing merits gained, the ceremony concluded with the recitation of "Buddhassa Sasanam Ciram Titthatu" three times. **100**

●● From Page - 21

were Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the secretary of the SAC and wife, the joint secretary of the SAC and wife, members of the SAC and their wives, union level officials and union ministers and their wives, the chairman of the Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and their wives, the commander of the Nay Pyi Taw Command and officials.

Before the ceremony, the Senior General offered emerald the alms bowl, fruits, flowers, drinking water and lights to the Maravijara Naung Taw Gyi Buddha image in the Dhamma Beikman Taw Gyi.

After opening the ceremony by paying obeisance to Buddha and reciting Namotassa three times, the Senior General and wife and the congregation received the eight precepts from the chairman Sayadaw of the State Sangha Nayaka Committee and meditated on Metta Sutta sermons delivered by the Sayadaws.

Then, the Senior General and wife and the Vice-Senior General and wife presented offerings to the chairman and executive Sayadaws of the State Sangha Maha Nayaka Committee respectively. The secretary and joint secretary of the SAC and their wives presented offerings to State Ovadacariya Sayadaw of the Uppatasanti Pagoda Board of Trustees Presiding Nayaka of Pauk Myaing Monastery in Lewe in Nay Pyi Taw Abhidhaja Maha Rattha Guru Bhaddanta Janinda and State Ovadacariya Maha Siha Nanda Monastery Presiding Nayaka Abidhaja Maha Rattha Guru Baddanta Aceinna respectively. Members of the SAC and leaders and their wives presented offerings to the Sayadaws.

Afterward, the congregation meditated sermons from the executive Sayadaw and concluded the ceremony by sharing merit for offerings and reciting Buddha Sasanam Ciram Titthatu three times.

**100**



Senior General Min Aung Hlaing and wife offer meals to Sayadaws.



A Sayadaw receiving offertories.



A Sayadaw receiving offertories.



A Sayadaw receiving offertories.



A Sayadaw receiving offertories.

AGRICULTURE

# Three townships in Chin State to implement highland farmlands in 2024-2025 FY

According to the Ministry of Agriculture, Livestock and Irrigation, plans are underway to implement highland farmlands in three townships of Chin State in 2024-2025 financial year.

No 3 highland farmland reclamation project office under the Agricultural Mechanization Department in Haka of Chin State will reclaim 229 acres of highland farmlands in three townships of Chin State.

The highland farmlands aim to fulfill basic needs of local ethnic people relying on manageable scale slash and burn farming. So, the department is implementing reclamation of highland farmlands.

The project will comprise reclamation of farmlands nearby the residences of farmers, appropriate farmlands for cultivation, selection of slope areas, and suitable areas for resettlement of new villages.

The highland farmlands will prevent loss of soil layers and benefit farmers with growing cash crops and contribute to regional development and environmental conservation.

Those ethnic people wishing to reclaim highland farmlands can apply for it at the Township General Administration Department via relevant village administrators and send copies to the No 3 highland farmland reclamation project office, relevant township farmland management and statistics department, agriculture department and irrigation and water utilization management department.

**SK**

AGRICULTURE

# KhinU Township harvests more than 8,000 acres of kitchen crops

Local farmers of KhinU Township have harvested 8,313 acres of kitchen crops, according to the township Agriculture Department.

In 2023-2024 financial year, local farmers started harvesting of kitchen crops in February.

"Local farmers could grow kitchen crops exceeding the target. Our department urges them to use GAP system and prevent pests for boosting production," said U Nay Win Naing, Head of KhinU Township Agriculture Department.

In the township, chilli yielded 1,051 viss per acre in 443 acres of croplands, onion 5,000 viss in 4,942 acres, garlic 2,990 viss in 1,280 acres of croplands and potato, 4,550 viss in 1,648 acres.

Local farmers grew 8,313 acres of kitchen crops in 2023-2024 FY exceeding the target of 6,315 acres.

Agricultural staff helped local farmers boost per-acre yield of crops with agricultural techniques, prevent pests and improve soil layers.

**SMK**

NAY PYI TAW May 22

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla offer day meals to Sayadaws attending grand auspicious ceremony marking Buddha Day, full moon day of Kason 2024




Senior General Min Aung Hlaing and wife and the congregation hearing the sermon delivered by Sayadaws.

The ceremony to offered day meals to Sayadaws, who attended the grand auspicious ceremony commemorating the Buddha Day, the full moon day of Kason, was held the Agga Dhipati Sasana Beikman Taw Gyi in the precinct of the Maravijaya Buddha Park this morning and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offered day meals to the Sayadaws.

The ceremony was attended by 36 members of the Sangha led by Chairman of the State Sangha Maha Nayaka Committee Agga Maha Pandita Agga Maha Jotikadhaja Thanlyin Min Kyaung Sayadaw Dr Bhaddanta Candima Bhivamsa and executive committee Sayadaw Maha Nayaka of Masoyein Taikthit Dhama Samidhi Kyaung Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Agga Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vasettha Bhivamsa, who were reverently invited to the ceremony, and also present together with the Senior General and wife

See Page - 20




Senior General Min Aung Hlaing offers water to the Buddha image.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နေပြည်တော်    မေ    ၂၂

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကျင်းပ









ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန် လပြည့် ဗုဒ္ဓနေ့ ယနေ့ညနေပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်များ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများသည် တက်ရောက်လာကြသူများနှင့်အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ကြရန် နေရာယူကြပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဒ္ဓနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသူများနှင့်အတူ သတ်မှတ်ထားသည့်နေရာများအလိုက် မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များအား လက်ယာရစ်လှည့်လည်ပူဇော်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်    မေ    ၂၂

# ပုသိမ်မြို့၊ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့) အားရည်မှတ်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်းအတွင်း၌ ပြုလုပ်ရာ ပုသိမ်မြို့၊ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကြွရောက်တော်မူကြသော စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီး ၉ ပါးတို့က တံခွန်ကုက္ကား၊ မုလေးပွားများ ဆက်ကပ်၍ ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခဲ့ပြီး တက်ရောက်လာကြသူများက ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာအား ဆက်လက်ပြုလုပ်ရာ သံဃာတော်များနှင့် တက်ရောက်လာကြသူများက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း သံဃာတော်များအား ဆွမ်းဆန်တော်များနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


အခမ်းအနားကို ဖွင့်လှစ်ပြီး နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ၉ ပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များအား နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုသိမ်မြို့၊ မရမ်းချိုပရိယတ္တိစာသင်တိုက်ဆရာတော် ဧရာဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာ နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သံဃာတော် ၂၂၁၉ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၁၂၉ ပါးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော် မေ ၂၂

# ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ စာတမ်းရှင်ဆရာတော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရက အဖွင့်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း)မှ ပါမောက္ခ ဆရာတော် ဒေါက်တာဘဒ္ဒန္တကဝိဓဇက **"ကဆုန်လပြည့်နေ့တွင် ဗျာဒိတ်တော်ခံယူတော်မူခဲ့သည့် မြတ်ဗုဒ္ဓ၏ ထူးခြားဖြစ်စဉ်များနှင့် မဟာဗောဓိပူဇာ"** စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးဆရာတော် ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏက **"အလောင်းတော်မြတ်၏ ပါရမီခရီး၊ ဝေဿန္တရာမင်းအဖြစ် မွေးဖွားခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သဘာပတိဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ဌာနမှူး ဆရာတော် ဒေါက်တာဘဒ္ဒန္တထေရိန္ဒက **"သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ပွင့်တော်မူခြင်း"**စာတမ်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ ကထိကဆရာတော် ဘဒ္ဒန္တကေသရက **"ဘုရင်ဗိမ္ဗိသာရနှင့် အနာထပိဏ်သူဌေးတို့၏ ဘဝနှင့် မွေကို လေ့လာခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင်ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သဘာပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် မေ ၂၂


# သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်များ၏ ပွင့်စေတီအနောက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

နေပြည်တော်ကောင်စီကကြီးမှူး၍ ကဆုန်လပြည့်ဗုဒ္ဓနေ့ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များ၏ ပွင့်စေတီအနောက် အရပ်ရှိ မဟာဗောဓိညောင်ပင်တော်တွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးဟန်သူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းတို့တက်ရောက်၍ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး အခမ်းအနားမှူးက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန်ပန်ကြားသည့် မဟာဗောဓိရုက္ခသိဠနပူဇာဂါထာကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်ထားသည့် နေရာများအလိုက် မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်း၍ အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်ကို လက်ယာရစ်လှည့်လည်ပူဇော်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ငါးသိုင်းချောင်း | (၃. ၇၈)လက်မ |
| ပုသိမ် | (၃. ၃၅)လက်မ |
| ပန်းတနော် | (၃. ၂၂)လက်မ |
| ကျုံပျော် | (၃. ၁၅)လက်မ |
| မှော်ဘီ | (၃. ၀၃)လက်မ |
| ရွှေကျင် | (၂. ၉၉)လက်မ |
| အုတ်ဖို | (၂. ၉၅)လက်မ |
| ကွမ်းခြံကုန်း | (၂. ၅၂)လက်မ |
| မနူဖြူ | (၂. ၃၆)လက်မ |
| ဟသ်ာတ | (၁. ၉၃)လက်မ |
| မအူပင် | (၁. ၉၃)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| အမ်း | ၄၀. ၅ °C |
| ချောက် | ၃၉. ၉ °C |
| မင်းဘူး | ၃၉. ၅ °C |
| ညောင်လေးပင် | ၃၉. ၄ °C |
| ကလေးဝ | ၃၈. ၇ °C |
| အောင်လံ | ၃၈. ၃ °C |
| သံတွဲ | ၃၈. ၂ °C |
| ပြည် | ၃၈. ၂ °C |
| မကွေး | ၃၈. ၁ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၆ |
| ရှမ်း(မြောက်) | ၂၂ | ၃၂ |
| ရှမ်း(အရှေ့) | ၂၀ | ၃၀ |
| ရှမ်း(တောင်) | ၂၀ | ၂၈ |
| ချင်း | ၁၄ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၈ |
| စစ်ကိုင်း(အောက်) | ၂၇ | ၃၄ |
| နေပြည်တော် | ၂၆ | ၃၇ |
| မန္တလေး | ၂၈ | ၃၈ |
| မကွေး | ၂၆ | ၃၈ |
| ရခိုင် | ၂၅ | ၃၇ |
| ပဲခူး | ၂၂ | ၃၅ |
| ရန်ကုန် | ၂၃ | ၃၄ |
| ဧရာဝတီ | ၂၂ | ၃၆ |
| ကယား | ၂၀ | ၃၃ |
| ကရင် | ၂၅ | ၃၆ |
| မွန် | ၂၄ | ၃၄ |
| တနင်္သာရီ | ၂၄ | ၃၂ |

ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။

---

မြင်းမူ မေ ၂၂

# မြင်းမူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၁၄၁၉၁ ဧက နုတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၁၄၁၉၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြင်းမူမြို့နယ်၌ စိုက်ပျိုးထားသောကုလားပဲ စိုက်ခင်းများကို ဖေဖော်ဝါရီလမှစ၍ နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ၁၄၁၉၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၄၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြင်းမူမြို့နယ်၌ ကုလားပဲ ၁၃၂၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ၁၄၁၉၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

၂၀၂၂-၂၀၂၃ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြင်းမူမြို့နယ်၌ ကုလားပဲကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးခဲ့ရာ ၁၃၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရန် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၀၉)**


အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး









၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် မြေကမ္ဘာထိပ်သီးညီလာခံ (Earth Summit) ဟု အများသိကြသည့် ကမ္ဘာ့ကုလသမဂ္ဂ သဘာဝဝန်းကျင်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံ (The United Nations Conference on Environment and Development-UNCED) မှ ဇီဝမျိုးစုံမျိုးကွဲ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဲကန္တာရ တိုက်ဖျက်ရေးဆိုင်ရာ အောက်ပါ နိုင်ငံတကာ ကွန်ဗင်းရှင်း (၃) ခု ပေါ်ထွက်ခဲ့သည်-

(က) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Biological Diversity-CBD)၊

(ခ) ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention to Combat Desertification-UNCCD)၊

(ဂ) ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change-UNFCCC)။

CBD တွင် ဇီဝမျိုးစုံမျိုးကွဲများအား နိုင်ငံအလိုက် ထိန်းသိမ်းရန်၊ မိမိတို့နိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန်နှင့် မျိုးရိုးဗီဇအရင်းအမြစ်များအား အသုံးချခြင်းမှ ထွက်ပေါ်လာသည့် အကျိုးရလဒ်များအား ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာခံစားနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ CBD အတွင်းရေးမှူးရုံးကို ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့တွင် အခြေစိုက်ထားပြီး CBD လုပ်ငန်းများကို United Nations Environment Programme (UNEP) ၏ လုပ်ငန်းစဉ်အောက်တွင် ထည့်သွင်းဆောင်ရွက်သည်။ CBD အတွင်းရေးမှူးရုံးသည် အစည်းအဝေးများ ဦးဆောင်ကျင်းပခြင်း၊ CBD လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ စုစည်းခြင်း၊ ဖြန့်ဝေခြင်းတို့ကိုဆောင်ရွက်သည်။

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း (Convention on Biological Diversity-CBD) ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၃-၂-၁၉၉၅ ရက်မှ စတင်၍ ပါဝင်ဆောင်ရွက်လျက်ရှိပြီး CBD အကောင်အထည်ဖော်ခြင်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရှိ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးနှင့် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးတို့အတွက် CBD ၏ အဖွဲ့ဝင်နိုင်ငံများမှ ရေးဆွဲအကောင်အထည်ဖော်ရသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံအဆင့် မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (National Biodiversity Strategies and Action Plans -NBSAP) (၂၀၁၅-၂၀၂၀) ကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ရေးဆွဲခဲ့ပြီး ၎င်းဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် CBD သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ဇီဝလုံခြုံမှုဆိုင်ရာ ကာတာဂျီးနား နောက်ဆက်တွဲစာချုပ် (Cartagena Protocol on Biosafety) ကို ၁၃-၅-၂၀၀၈ ရက်တွင်လည်းကောင်း၊ ဇီဝအရင်းအမြစ်များအား အကျိုးတူခွဲဝေခြင်းဆိုင်ရာ နာဂိုယာ နောက်ဆက်တွဲစာချုပ် (Nagoya Protocol on Access and Benefit-sharing) ကို ၁၂-၁၀-၂၀၁၄ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့သည်။

၂၉-၁၂-၁၉၉၃ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေ ညီလာခံအစီအစဉ်၏ ဒုတိယအကြိမ်မြောက် ကော်မတီအစည်းအဝေးတွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာအကြောင်း ကိစ္စရပ်များကို ပိုမိုနားလည်သဘောပေါက်စေရန်နှင့် သတိပြုမိစေရန်အတွက် ရည်ရွယ်၍ နှစ်စဉ်နှစ်တိုင်း မေလ ၂၂ ရက်အား **"အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့"** အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

ယခုနှစ် ၂၀၂၄ ခုနှစ် မေလ ၂၂ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့ **"International Day for Biodiversity" အတွက် ဆောင်ပုဒ်မှာ "Be part of the Plan: ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး"** ဟူ၍ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော "Be part of the Plan" သည် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အစီအစဉ် (Biodiversity Plan) တစ်ခုဖြစ်သည့် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင် (the Kunming-Montreal Global Biodiversity Framework) ကို အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန် ထောက်ပံ့ပေးခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းကို ရပ်တန့်စေရန်အတွက် ဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်လာစေရန် တွန်းအားပေးလုပ်ဆောင်ခြင်းဖြစ်သည်။

ပန်းတိုင် (၄) ခုနှင့် ရည်မှန်းချက် (၂၃) ခု ပါဝင်သည့် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင်သည် အစိုးရဌာနများ၊ ဌာနေတိုင်းရင်းသားလူမျိုးများ၊ ဒေသခံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းသည် ဇီဝမျိုးစုံမျိုးကွဲအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးမည့် နည်းလမ်းများ ရှာဖွေအကြံပြုပေးရန် တိုက်တွန်းထားပြီး လူတိုင်းပါဝင်နိုင်သည့် အခန်းကဏ္ဍများလည်း ပါရှိသောကြောင့် လူတိုင်းသည် ဇီဝမျိုးစုံမျိုးကွဲ အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်နိုင်သည်။ ဇီဝမျိုးစုံမျိုးကွဲ အစီအစဉ်သည် သဘောတူညီမှုများ (Agreements) မှ လုပ်ငန်းဆောင်ရွက်မှုများ (Actions) သို့ ရောက်ရှိစေရန် အစိုးရများ၊ လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်စေသည့် အရေးကြီးသော အစီအစဉ်တစ်ခုဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန်၊ ပြန်လည်တည်ထောင်ရန်၊ သဘာဝနှင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ အကျိုးကျေးဇူးများကို မျှမျှတတဖြစ်စေနိုင်ရန်၊ သဘာဝအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်ရန် တိုက်တွန်းဆောင်ရွက်ပေးနေသည့် အကောင်းဆုံးအခွင့်အရေးတစ်ခုလည်းဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ (၂၀၁၈) အရ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်နှင့် အခြားရေဂေဟစနစ်များ၊ ၎င်းတို့ပါဝင်နေသော ဂေဟဗေဒအရ ဆက်စပ်မှုရှိသည့် အရင်းအမြစ်အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကို ဆိုလိုသည်။ ယင်းစကားရပ်တွင် မျိုးစိတ်များအတွင်းကွဲပြားမှု၊ မျိုးစိတ်များအကြား ကွဲပြားမှုနှင့် ဂေဟစနစ်များအကြား ကွဲပြားမှုလည်းပါဝင်သည်။

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း၏ ထုတ်ပြန်ချက်အရ ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ၏ လူမှုဘဝဖူလုံရေး၊ ကျန်းမာသောကမ္ဘာမြေ၊ သာယာဝပြောသောစီးပွားရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပြီး မိခင်ကမ္ဘာနှင့် ညီညွတ်မျှတစွာ အတူယှဉ်တွဲ နေထိုင်လျက်ရှိသည်။ လူသားများသည် အစားအစာ၊ ဆေးဝါး၊ စွမ်းအင်၊ သန့်ရှင်းသောလေနှင့် ရေ၊ သဘာဝဘေးအန္တရာယ်များမှ လုံခြုံမှု၊ အပန်းဖြေမှုနှင့်ယဉ်ကျေးမှု စသည်တို့အတွက် ဇီဝမျိုးစုံမျိုးကွဲများအပေါ် မှီခိုနေရပြီး ၎င်းသည် ကမ္ဘာပေါ်ရှိ သက်ရှိစနစ်အားလုံးကို ပံ့ပိုးပေးသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းနှင့် ပြင်ပရှိမြန်မာ့တောရိုင်းတိရစ္ဆာန်များနှင့် အပင်များ ရေရှည်တည်တံ့နိုင်ရေးအတွက်

**စာမျက်နှာ ၂၅ သို့ ➤**

➤ စာမျက်နှာ ၂၄ မှအဆက်

အကြောင်းအမျိုးမျိုးကြောင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နေသော နို့တိုက်သတ္တဝါ၊ တွားသွားသတ္တဝါ၊ ငှက်များနှင့် အပင်မျိုးစိတ်များကို စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ တောဆင်ရိုင်းများ၊ ကျားများ၊ မြန်မာ့ရွှေသမင်များ၊ မိကျောင်းများ၊ ကြယ်လိပ်များ၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါများ လေ့လာဖော်ထုတ် ထိန်းသိမ်းကာကွယ်ခြင်း၊ ရေဝပ်ဒေသများ ထိန်းသိမ်းခြင်း၊ အပင်၊ သစ်ခွနှင့်ပရဆေးပင်များ ထိန်းသိမ်းကာကွယ်ခြင်း စသည်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

နေရင်းဒေသပြင်ပ၌ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ရှားပါး၍ မျိုးသုဉ်းရန် အန္တရာယ်ရှိသော အပင်နှင့်တိရစ္ဆာန်များ မျိုးဆက်မပြတ်စေရေးအတွက် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ မန္တလေးရတနာပုံဥယျာဉ်နှင့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း စုဆောင်းစိုက်ပျိုးမွေးမြူထိန်းသိမ်းလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရန်အတွက် သစ်တောဦးစီးဌာနသည် သုတေသနလုပ်ငန်းများကို ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့ရာ ရွှေသမင်များ၏ ဂေဟစနစ်သုတေသနလုပ်ငန်း၊ မိကျောင်းများနေရင်းဒေသအတွင်း ပြန်လည်စေလွှတ်ရေး သုတေသနလုပ်ငန်း၊ ကြယ်လိပ်များ မျိုးပွားရေးအတွက် သုတေသနပြုလုပ်ခြင်းလုပ်ငန်း၊ သစ်ခွများမျိုးပွားရေးအတွက် သုတေသနပြုလုပ်ခြင်းလုပ်ငန်း၊ ကျားအပါအဝင် အခြားတိရစ္ဆာန်များကို နိုင်ငံတကာ တိရစ္ဆာန်ဥယျာဉ်များနှင့် ဆက်သွယ်၍ တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်အရ လဲလှယ်ပြီး နိုင်ငံအတွင်း၌ မျိုးပွားရေး သုတေသနလုပ်ငန်း၊ သစ်ပင်ကြီးများ၊ ဝါး၊ ကြိမ်၊ ပရဆေးပင်များ စုဆောင်း၍ ထိန်းသိမ်းရေး၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ဟိမဝန္တာတောင်စဉ် တောင်တန်းဒေသများတွင် ပါဝင်နေသည်သာမက အင်ဒိုချိုင်းနားနှင့် မလေးကျွန်းဆွယ်ဒေသတို့အတွင်း ထိစပ်ပါဝင်နေသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲများစွာတို့ကို တွေ့မြင်နိုင်သည့် ဇီဝပထဝီဝင် (Biogeography) အနေအထားအရ ထူးခြားကောင်းမွန်သည့် နိုင်ငံတစ်ခုအဖြစ်လည်း ထင်ရှားသည်။ ရေခဲတောင်ဂေဟစနစ်မှသည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်အထိလည်း တွေ့ရှိနိုင်သည့်အတွက် ဂေဟစနစ်မျိုးစုံရှိသည့် နိုင်ငံတစ်ခုဖြစ်သည်သာမက ၎င်းဂေဟစနစ်များတွင် ရှင်သန်ပေါက်ရောက်နေထိုင်ကြသည့် သဘာဝ အပင်မျိုးစိတ်များနှင့် သတ္တဝါမျိုးစိတ်များစွာတို့ကို တွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်လှသည့်အပြင် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများစွာ ဖြစ်တည်နေသည့်အတွက် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်ရန်မှာ နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် တည်ရှိနေပြီး ဆက်လက်ထိန်းသိမ်းကာကွယ်သွားကြရန် ထိန်းသိမ်းရေးအသိအမြင်များနှင့် ထိရောက်သည့် စီမံအုပ်ချုပ်မှု စနစ်ကောင်းများရှိရန် လိုအပ်လှပေသည်။ မြန်မာနိုင်ငံသည် သစ်တောအမျိုးအစားနှင့် ဂေဟစနစ်မျိုးစုံသည့်အလျောက် အပင်မျိုးစိတ်များ၊ နို့တိုက်သတ္တဝါများ၊ ကျေးငှက်၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါများ၊ ရေနေသတ္တဝါများ မျိုးစိတ်အမြောက်အမြား ကျက်စားနေထိုင်မှုကိုဖော်ထုတ်တွေ့ရှိရသည်။ ကျား၊ အာရှဆင်၊ မြန်မာနှာခေါင်းလန်မျောက်မျိုးစိတ်၊ ပန်ဒါနီ၊ ရွှေရောင် သားမင်း၊ အင်းကျား၊ ကြံ့သူတော် စသည့်ရှားပါးသတ္တဝါများသာမက မြန်မာ့ဒေသမျိုးရင်း သတ္တဝါများနှင့် အပင်မျိုးစိတ်များဖြစ်သည့် သစ်ခွနက်၊ သော်ကကြီး၊ မြန်မာ့ကြယ်လိပ်၊ ရွှေသမင်၊ မျက်ခုံးဖြူငှက်ပြာခြောက် စသည်တို့ကိုလည်း ဖော်ထုတ်မှတ်တမ်းတင်ထားရှိသည်။

မြန်မာနိုင်ငံသည် ဒေသပြောင်းရွှေ့ကျက်စားသည့် ဆောင်းခိုငှက်များကျရောက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့မြောက်ခြမ်းဒေသများမှ ငှက်မျိုးစိတ်များ ဆောင်းခိုကျရောက် ကျက်စားသည့်နိုင်ငံလည်းဖြစ်၍ ကမ္ဘာ့လုံးဆိုင်ရာ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ရှားပါးဆောင်းခိုငှက်မျိုးစိတ်များ ကျရောက်ခိုလှုံကျက်စားမှုရှိကြောင်းကိုလည်း တွေ့ရှိရသည်။ အလားတူ ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် ဟိမဝန္တာလင်းတငှက်များ၊ သိန်းစွန်၊ လင်းယုန်ငှက်မျိုးစိတ်များပါ ကျရောက်ကျက်စားမှုရှိကြောင်း လေ့လာမှတ်တမ်းတင်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ဒေသတွင်းလုပ်ငန်းအဖွဲ့များတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

သဘာဝအရင်းအမြစ်များဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများကို လူသားတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းရန် အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ အခြားနည်းလမ်းများကြောင့် ပျက်စီးထိခိုက်စေခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်သာမက ဂေဟစနစ်များကိုလည်း ပျက်စီးစေသဖြင့် ကမ္ဘာပေါ်မှ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းပျောက်ကွယ် ဆုံးရှုံးလျက်ရှိသည်။ ထိုကဲ့သို့ လူသားတို့ပယောဂကြောင့် ပျက်စီးဆုံးရှုံးနေမှုများကို သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ပြန်လည်တိုးတက်ဖြစ်ထွန်းလာစေရေး၊ ဂေဟစနစ်များ ညီညွတ်မျှတစေရေးတို့အတွက် ပြန်လည်ထိန်းသိမ်းကာကွယ်ရန်မှာလည်း လူသားများ၏ တာဝန်တစ်ရပ်ပင်ဖြစ်ပေရာ ယခုနှစ် ကွန်ဗင်းရှင်းဆောင်ပုဒ် "Be Part of the Plan" အဖြစ် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် တစ်ဦးတစ်ယောက်ချင်းစီက မိမိတို့အသံ၊ မိမိတို့မူဟန်ဖြင့် ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရေးဆောင်ရွက်ရာ၌ သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများ၊ သုတေသနဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆက်စပ်ကဏ္ဍ၊ အဖွဲ့အစည်းအသီးသီးတို့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့များ၏ ဆောင်ပုဒ်နှင့်အညီ ၂၀၂၄ ခုနှစ် မေလ ၂၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့ International Day for Biodiversity (IDB) ကို ဂုဏ်ပြုရင်း လူသားအားလုံးတို့သည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် ၎င်းတို့မှီတင်းနေထိုင်ရာ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်ကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ပါသည်။ ။

- 2024 - Be part of the Plan
- 2023 - From agreement to action: Build back biodiversity
- 2022 - Building a shared future for all life
- 2021 - We're part of the solution
- 2020 - Our solutions are in nature
- 2019 - Our Biodiversity, Our Food, Our Health
- 2018 - Celebrating 25 Years of Action for Biodiversity
- 2017 - Biodiversity and Sustainable Tourism
- 2016 - Mainstreaming Biodiversity; Sustaining People and their Livelihoods
- 2015 - Biodiversity for Sustainable Development
- 2014 - Island Biodiversity
- 2013 - Water and Biodiversity
- 2012 - Marine Biodiversity
- 2011 - Forest Biodiversity
- 2010 - Biodiversity, Development and Poverty Alleviation
- 2009 - Invasive Alien Species
- 2008 - Biodiversity and Agriculture
- 2007 - Biodiversity and Climate Change
- 2006 - Protect Biodiversity in Drylands
- 2005 - Biodiversity: Life Insurance for our Changing World
- 2004 - Biodiversity: Food, Water and Health for All
- 2003 - Biodiversity and poverty alleviation - challenges for sustainable development
- 2002 - Dedicated to forest biodiversity









**ကိုးကား**

" https://www.cbd.int/biodiversity-day#:~:text=This%20universal% 20observance%20commemorates%20theçProtocols%20and%20related%20action%20frameworks.

" https://www.cbd.int/gbf

**ဒေါက်တာဆုစန္ဒာအောင်**
**(သစ်တောဦးစီးဌာန)**

နေပြည်တော်  မေ  ၂၂

# ဧရာဝတီတိုင်းဒေသကြီး အတွင်းပတ္တမြားကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တအရိယဝံသ (အဘိဇဓမဟာရဋ္ဌဂုရု) ဘဝနတ်ထံပျံလွန်တော်မူ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လက်သမားရပ်ကွက်၊ အတွင်းပတ္တမြားကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တအရိယဝံသ (အဘိဇဓမဟာရဋ္ဌဂုရု)သက်တော် (၁၀၀)နှစ်၊ သိက္ခာ(၈၀)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်၊ မေလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဩဝါဒါစရိယ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ လက်သမားရပ်ကွက် အတွင်းပတ္တမြားကျောင်းတိုက်ဦးစီး ပဓာနနာယက ဘဒ္ဒန္တအရိယဝံသ (အဘိဇဓမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း**

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ သပြေကုန်းတိုက်နယ်၊ ဆပ်သွားဖူးကျွန်းရွာ၊ ခမည်းတော် ဦးဘိုးသန့်+မယ်တော် ဒေါ်အေးညွန့်တို့မှ ၁၂၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ်တွင် ဟင်္သာတမြို့နယ်၊ သပြေကုန်းကျေးရွာ၊ ဝါဆိုကျောင်းဆရာတော်ဘဒ္ဒန္တဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၂)ရက်၊ တနင်္လာနေ့တွင် သပြေကုန်းကျေးရွာ၊ ဝါဆိုကျောင်းဗဒ္ဓသိမ်၌ သပြေကုန်းရွာ၊ ကံသစ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြု၍ ဦးကျော်သိန်း+ဒေါ်ချစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် သပြေကုန်းကျေးရွာ၊ ဝါဆိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိန္ဒ၊ အတွင်းပတ္တမြားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရနှင့် စာချဆရာတော်များ၊ ရေကင်းကျွန်းကလေးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ မန္တလေးမြို့၊ တောင်ထီးလင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တပုညာနန္ဒာဘိဝံသ၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဆီးဘန်နီတိုက်ဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ၊ စစ်ကိုင်းမြို့၊ ပဋ္ဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တကုန္ဒက စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကိုသင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇ သိရီပဝရဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဟင်္သာတမြို့၊ အတွင်းပတ္တမြားကျောင်းတိုက်၌ စာသင်သား ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃာ့ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကိုထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကိုထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနမုရာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညျူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၉ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်၊ ၂၀၁၄ ခုနှစ်တွင် **"အဘိဇဓမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၁၀၀)နှစ်၊ သိက္ခာ (၈၀)ဝါအရ ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်၊ (၂၂-၅-၂၀၂၄)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **(သတင်းစဉ်)**

ပဲခူး  မေ  ၂၂

# ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို မေလ ၂၀ ရက် နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားနည်းအလိုက် နည်းပြဆရာ၊ ဆရာမ ၂၆ ဦးအတွက် ဂုဏ်ပြုငွေကျပ် ၂၆ သိန်း၊ ဘောလုံး၊ Fitness Dance နှင့် ကရာတေးဒိုအားကစားနည်းသုံးနည်းမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘောနှင့် မြန်မာ့သိုင်းအားကစားနည်း သုံးနည်းမှ သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း၊ စီးပွားရေးရာဝန်ကြီးက တင်းနစ်နှင့် ကြက်တောင်အားကစားနည်းနှစ်နည်းမှ သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက် မြန်မာ့သိုင်း၊ ဘောလုံး၊ ကရာတေးဒို၊ ဘတ်စကက်ဘောနှင့် Fitness Dance စသည့် အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူများက သရုပ်ပြသ ကစားကြရာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးနွေရာသီအဆင့်မြင့် အားကစားသင်တန်းအား ဧပြီလ ၂၂ ရက်မှ မေလ ၂၀ ရက်အထိ ဘောလုံး၊ Fitness Dance၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ မြန်မာ့သိုင်း၊ တင်းနစ်၊ ကြက်တောင် စသည့် အားကစားနည်းရှစ်မျိုးအား ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အားကစားနည်းအလိုက် စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၄၁၂ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

ရန်ကုန်  မေ  ၂၂

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံး၊ ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတား၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်း၊ ဒဂုံစတားအသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၀ ဖြင့် ငါးသင်းပါ အုပ်စုလေးစုခွဲကာ ကျင်းပခဲ့ခြင်းဖြစ်ပြီး အုပ်စုတစ်စုချင်းစီမှ အုပ်စုပထမနေရာတွင် ရပ်တည်သည့် အသင်းလေးသင်းအနေဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်အားလုံးပြီးဆုံးချိန်၌ အုပ်စု(A)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှစ်ပွဲကစားခဲ့ရာ ရှစ်ပွဲလုံးအနိုင်ရရှိခဲ့ပြီး ရမှတ် ၂၄ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(B)တွင် ရှမ်းယူနိုက်တက်အသင်းက ရှစ်ပွဲကစားခဲ့ရာ ခုနစ်ပွဲနိုင် တစ်ပွဲရှုံးရမှတ် ၂၁ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(C)တွင် မြန်မာနေရှင်နယ်လိဂ် ထိပ်တန်းအသင်းကြီးများဖြစ်သည့် ဧရာဝတီယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ကို ကျော်ဖြတ်ပြီး ဒဂုံစတားအသင်းက ရှစ်ပွဲကစားခဲ့ရာ ခြောက်ပွဲနိုင် နှစ်ပွဲသရေ ရမှတ် ၂၀ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(D)တွင် ရတနာပုံအက်ဖ်စီအသင်းက ရှစ်ပွဲကစားခဲ့ရာတွင် ငါးပွဲနိုင် တစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၁၆ မှတ်ဖြင့်လည်းကောင်း အုပ်စုပထမနေရာတွင် အသီးသီးရပ်တည်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့သည်။

MNL League Cup 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်ဇယားကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် မေ ၂၂

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးတိုင်များဖြင့်လှည့်လည်ပူဇော်

















မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ဆီမီးတိုင်များဖြင့်လှည့်လည်ပူဇော်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပရိဝုဏ်နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တို့တွင် ကျင်းပသည်။

ဦးစွာ ဗျာဒိတ်တော်ခံယူတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ဘုရားပွင့်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်း စသည့်သရုပ်ပြယာဉ်များနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများသည် မော်တော်ယာဉ်များဖြင့် တပေါင်းကွင်းစုရပ်မှစတင်ထွက်ခွာကြပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထိုမှတစ်ဆင့် သရုပ်ပြယာဉ်များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများသည် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်သို့ ဆက်လက်ထွက်ခွာကြပြီး သရုပ်ပြယာဉ်များကို ဘုရားဖူးပြည်သူများဖူးမြော်ကြည်ညိုနိုင်ရန် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အပူဇော်ခံရပ်နားထားရှိကာ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများက သာသနာ့အလံများနှင့် ဆီမီးတိုင်များကိုင်ဆောင်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သတ်မှတ်လမ်းကြောင်းအတိုင်း လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအနီးရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြပြီး မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ကျင်းပသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာအခမ်းအနားသို့တက်ရောက်၍ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဟောကြားချီးမြှင့်တော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာနာယူကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၈၀ ဦးတို့က ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၂၂

# မိတ္ထီလာနှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ


ယောမင်းဦး(ခ)ပူစီနှင့် အုပ်စိုးကျော်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် မိတ္ထီလာမြို့ ထီလာဦးရပ်ကွက် မိတ္ထီလာ-သာစည်သွားကားလမ်းတွင် ယောမင်းဦး(ခ)ပူစီ မောင်းနှင်ပြီး အုပ်စိုးကျော် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မိတ္ထီလာမြို့ မဟာစည်တိုးချဲ့ရပ်ကွက်ရှိ ယောမင်းဦး(ခ)ပူစီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၊ ဆေးခြောက် ၂ ကီလိုကိုလည်းကောင်း၊ ထိုနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် စိုင်းနွန်ဒါး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## Myawady Digital Set Top Box ထုတ်လွှင့်ရှုမြင်အစီအစဉ် ၂၃-၅-၂၀၂၄(ကြာသပတေးနေ့)

**MWD Variety Channel**

| | | | |
|---|---|---|---|
| ၁။ ၁၀:၂၇ | The Beautiful Land | ၄။ ၁၃:၄၀ | ကမ္ဘာတစ်ခွင်မှတ်တမ်းဝင် |
| ၂။ ၁၁:၃၀ | ကဗျာအလှ ရသလွင်ပြင် | ၅။ ၁၆:၂၅ | အားကစားနည်း သမိုင်းကြောင်း |
| ၃။ ၁၂:၃၅ | သတိမမူ ဂူမမြင် | ၆။ ၂၁:၃၅ | Variety Choice |

**မြဝတီရုပ်မြင်သံကြား**

| | | | | | |
|---|---|---|---|---|---|
| ၁။ ၆:၀၂ | နိုင်ငံတော်သီချင်း | ၆။ ၇:၅၀ | မြန်မာ့ရှုခင်း | ၁၂။ ၁၃:၄၀ | ခရီးလည်းသွား စကားလည်းဆို |
| ၂။ ၆:၀၃ | တရားတော် | ၇။ ၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၁၃။ ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၃။ ၇:၂၀ | မေတ္တာပို့ | ၈။ ၈:၀၅ | အမျိုးသားရေးတေးကဗျာ | ၁၄။ | **-(၃၈)ဖြာမင်္ဂလာ သန္တုဒိဋ္ဌိစ** |
| ၄။ ၇:၂၅ | ဓမ္မပူဇာတေး | ၉။ ၉:၁၅ | ကျန်းမာသုတ | ၁၅။ **ညစနာရီ သတင်း အပြီး** | နိုင်ငံတကာသတင်း |
| ၅။ ၇:၄၅ | မျိုးချစ်တပ်မတော် | ၁၀။ ၁၁:၅၅ | သီချင်းလက်ဆောင် | ၁၆။ | မိုးလေဝသသတင်း |
| | | ၁၁။ ၁၃:၁၀ | အမှတ်တရနေ့ရက်များ | ၁၇။ | အတွေးအမြင် |

နေပြည်တော် မေ ၂၂

# မြိတ်မြို့နယ် လသာရွာနှင့် တနင်္သာရီမြို့နယ် ရမ်းဖိုကျေးရွာတွင် အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံ ၆ ဦးကို လုံခြုံရေး တပ်ဖွဲ့ဝင်များမှရိုက်နှက်၍ ဖမ်းဆီးသွားခဲ့ကြောင်း မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်ရေးသားလျက်ရှိ

မြိတ်မြို့နယ် လသာကျေးရွာနှင့် တနင်္သာရီမြို့နယ် ရမ်းဖိုကျေးရွာအနီးတွင် မေလ ၂၀ ရက်နေ့က ယာဉ်တန်းမိုင်းဆွဲတိုက်ခိုက်ခံရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံ ၆ ဦး ရိုက်နှက်ဖမ်းဆီးခံခဲ့ရကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရပါသည်။




ဖြစ်စဉ်အမှန်မှာ မြိတ်မြို့နယ် လသာကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက အဝေးမှ ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ဒေသခံပြည်သူတစ်ဦးတစ်ယောက်မျှ ဖမ်းဆီးထိန်းသိမ်းထားခြင်းမရှိကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ ချောင်းမြောင်းပစ်ခတ်ခဲ့သည့် ဖြစ်စဉ်အပေါ် ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန်လုပ်ကြံရေးသားကာ လှုံ့ဆော်ဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

နေပြည်တော် မေ ၂၂

## နေရာကွက်၍ မိုးကြီးနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

နေပြည်တော် မေ ၂၂

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၂၀ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁၆ ဒသမ ၂၉၃)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၉၃၁၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မေလ ၂၀ ရက်**တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Non-Dairy Creame (၆၀၀)အိတ်၊ ယိုးဒယားစာတန်းပါနံ့ပင်မျိုးစေ့(၄၀)ထုပ်၊ ယိုးဒယားစာတန်းပါ စိုက်ပျိုးရေးသုံးဆေး (၆၀)ပုလင်းအပါအဝင် ကုန်ပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **မေလ ၂၀ ရက်**တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(၆ ဒသမ ၁၁၄)တန်၊ သစ်မာ(သုည ဒသမ ၂၁၅)တန်၊ အခြားသစ် (၅ ဒသမ ၄၈၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၄၃၈၃)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၇၄၃၈၃)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **မေလ ၂၁ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေကျင်စစ်ဆေးရေးစခန်း၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ERKE တံဆိပ်ပါ တီရှပ်အင်္ကျီ (၅၂၄၁၄)ထည်၊ ဘောင်းဘီ(အတို) (၁၆၂၉၀)ထည်နှင့် ဖိနပ်(၅၈၈)ရန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၈၄၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Volvo Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၀၆၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် LED မီးသီး (၂၁၆၀၀)လုံး အပါအဝင် ကုန်ပစ္စည်း(၅)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၄၈၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၁ ရက်**တွင် ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၇၃ ဒသမ ၁၀၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၁၀၅၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၃၃၇၂၇၄၉)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ ကျန်းမာကြံ့ခိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများကို ဆောင်ရွက်ပေးရ. . .

❖ ခေါင်းဆောင်လုပ်မည့်သူများအနေဖြင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာများပြည့်ဝနေရန်လို. . .

❖ အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှ ဆင်ခြင်ရန်နှင့် ကိုယ့်စိတ်ကိုအလိုမလိုက်ရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော ပြင်ဦးလွင်တပ်နယ်မှ နည်းပြအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့်ဇနီးများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၂၂**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်သော ယနေ့တွင်ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ■**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

